# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 29 August 2024 ၁၁၅၆၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးမြို့၌ ယာဉ်ကြောကျပ်တည်းသောလမ်းများတွင် မီးပွိုင့်ခြောက်ခု တိုးချဲ့တပ်ဆင်မည်




မန္တလေးမြို့ရှိ မီးပွိုင့်တစ်ခု၌ ယာဉ်များ သွားလာလျက်ရှိသည်ကို တွေ့ရစဉ်။

**မန္တလေး ဩဂုတ် ၂၈**

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ယာဉ်ကြောကျပ်တည်းသော လမ်းများတွင် မီးပွိုင့်ပေါင်း ၁၂ ခုတပ်ဆင်ထားရှိသည့်အနက် ဆိုလာစနစ်သုံးမီးပွိုင့်များလည်း ပါဝင်ပြီး ယခု၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရိုးရိုးLED မီးပွိုင့်အသစ်ခြောက်ခုကို ထပ်မံတိုးချဲ့တပ်ဆင်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းက ပြောသည်။

**တိုးချဲ့တပ်ဆင်မည့်နေရာများ**

တိုးချဲ့တပ်ဆင်မည့်နေရာများမှာ မန္တလေး-မတ္တရာလမ်းနှင့် GTC လမ်းထောင့်(အောင်မြေသာစံမြို့နယ်)၊ လမ်း ၃၀ နှင့် လမ်း ၆၀ ထောင့်(ချမ်းအေးသာစံမြို့နယ်)၊ ၄၁ လမ်းနှင့် ၅၃ လမ်း၊ ၄၁လမ်းနှင့် လမ်း ၆၀(မဟာအောင်မြေမြို့နယ်)၊လမ်း ၆၀နှင့်လမ်း ၁၁၀ (ချမ်းမြသာစည်မြို့နယ်)၊ ၆၂ လမ်းနှင့် ၁၂၅ လမ်း (ပြည်ကြီးတံခွန်မြို့နယ်) တို့ဖြစ်ကြောင်း သိရသည်။

"နံနက်ပိုင်း၊ ညနေပိုင်း ကျောင်းသွားကျောင်းပြန်အချိန်တွေမှာ ယာဉ်ကြောရှုပ်ထွေးတဲ့နေရာတွေ ရှိတယ်။ ကိုယ်ပိုင်ကျောင်းတွေမှာ ကျောင်းပို့ ကျောင်းကြိုကို စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## လေဖိအားနည်း ရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၂၈**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့၌ ဩဂုတ် ၂၉ ရက်တွင် လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရပါသည်။

မိုး/ဇလ

## ယနေ့ ဖတ်စရာ


နိုင်ငံခြားငွေ ယိုစိမ့်မှုများ လျှော့ချရေး ဝိုင်းဝန်းကူညီပေး

ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့်စစ်သည်များ ပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ် မောင်မယ်များ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



စာမျက်နှာ » ၉

မြန်မာ့ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအလုပ်ရုံဆွေးနွေးပွဲကျင်းပ သုတေသီများ၊ တောင်သူများနှင့် ကဏ္ဍစုံမှသက်ဆိုင်သူများ တက်ရောက်ဆွေးနွေး

စာမျက်နှာ » ၅

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေး ကော်မတီဖွဲ့စည်းဆောင်ရွက်

စာမျက်နှာ » ၇

(၁၉)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်

စာမျက်နှာ » ၁၁

ကြေးမုံ

# နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်မြင့်မားရေး အမျိုးသားအားကစားမြှင့်တင်

ယခု ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်တွင် ခမ်းနားထည်ဝါစွာကျင်းပသွားရန် လျာထားပြင်ဆင်လျက်ရှိသည်။ အမျိုးသားအားကစားပွဲတော်သည် အခြားအားကစားပွဲတော် ပြိုင်ပွဲများနှင့် မတူဘဲ ပြိုင်ပွဲဝင်အသင်းများသာမက ပြိုင်ပွဲဝင်အားကစားသမားများပါ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အများဆုံးယှဉ်ပြိုင်ကြမည့် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲဖြစ်သည်။

ယခုနှစ် တစ်နှစ်ပတ်လုံးတွင် ကျောင်းသားအားကစားပြိုင်ပွဲများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အားကစားပြိုင်ပွဲများ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲများကို ကျင်းပလျက်ရှိသည့်အပြင် နိုင်ငံတကာအားကစားပြိုင်ပွဲများတွင်လည်း မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ထို့အပြင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြိုအဖြစ် ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်ကို စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၄ ရက်နေ့အထိ အားကစားနည်း ၂၄ မျိုးဖြင့် ကျင်းပမည်ဖြစ်ရာ ယှဉ်ပြိုင်ဆင်နွှဲသည့် အားကစားပြိုင်ပွဲများသည် နိုင်ငံတော်အဆင့် အမျိုးသားအားကစားပြိုင်ပွဲအတွက် အောင်မြင်မှုအင်အားတစ်ရပ်ဖြစ်စေသည်။

နိုင်ငံအတွက် အဓိကစွမ်းအားစုသည် လူငယ်လူရွယ်များဖြစ်သည်။ လူငယ်များကို မြှင့်တင်ဆောင်ရွက်အားပေးခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အားကစားမြှင့်တင်ခြင်းသည်လည်း နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်။ အလားတူအားကစားအောင်မြင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။ ထို့အတူ အားကစားကဏ္ဍတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ထင်ဟပ်ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် လူငယ်နှင့်အားကစားကဏ္ဍ မြှင့်တင်ပေးရေးကို နိုင်ငံတော်က အလေးထားဆောင်ရွက်နေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်အကောင်အထည်ဖော်လျက်ရှိသည့် ဦးတည်ချက်(၉)ရပ်အနက် လူမှုရေးဦးတည်ချက်(၃)ရပ်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး" နှင့် "နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး" တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ လူငယ်နှင့်အားကစားကို အတူယှဉ်တွဲ၍ မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အခက်အခဲအမျိုးမျိုးကြားမှ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများသာမက အားကစားကဏ္ဍကိုပါ မျက်ခြည်မပြတ် မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းတာဝန်နယ်ပယ်များစွာရှိသည့်အနက် ကဏ္ဍစုံတွင် အားကစားပြိုင်ပွဲမျိုးစုံကို ပုံမှန်ကျင်းပပြုလုပ်ပေးရမည်ဆိုသည့်အတိုင်း နိုင်ငံတော်အစိုးရအနေဖြင့် နှစ်အလိုက် အားကစားပြိုင်ပွဲမျိုးစုံကို ကျင်းပပြုလုပ်ပေးလျက်ရှိပြီး အမျိုးသားအားကစားပြိုင်ပွဲကြီးကိုလည်း အစဉ်အလာမပျက် အောင်မြင်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

အမျိုးသားအားကစားပွဲတော်ကို ယခင်အစိုးရအဆက်ဆက်က ကျင်းပခဲ့ရာ ၁၉၉၂ ခုနှစ်တွင် ပထမအကြိမ် အမျိုးသားအားကစားပွဲတော်၊ ၁၉၉၄ ခုနှစ်တွင် ဒုတိယအကြိမ်အမျိုးသားအားကစားပွဲတော်၊ ၁၉၉၇ ခုနှစ်တွင် တတိယအကြိမ်အမျိုးသားအားကစားပွဲတော်တို့ကို ရန်ကုန်မြို့တွင်ကျင်းပခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စတုတ္ထအကြိမ် အမျိုးသားအားကစားပွဲတော်ကို နေပြည်တော်၌ ခမ်းခမ်းနားနား ကျင်းပခဲ့သည်။ ထို့နောက် အကြောင်းအမျိုးမျိုးကြောင့် အမျိုးသားအားကစားပွဲတော်ကို မကျင်းပဖြစ်ခဲ့ဘဲ ယခု ၂၀၂၄ ခုနှစ်တွင် နေပြည်တော်၌ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ရာ မြန်မာ့အားကစား အရှိန်အဟုန်မပျက် တိုးတက်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားအားကစားပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်တွင် ပထမအချက်အနေဖြင့် နိုင်ငံတော်၏ အားကစားအဆင့်အတန်း မြင့်မားတိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဒုတိယအချက်အနေဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် "မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်"ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အားကစားအဆင့်အတန်းမြင့်မားရေးနှင့် အောင်မြင်မှုရှိစွာ ယှဉ်ပြိုင်နိုင်ရေး၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် အလားအလာရှိသည့် လူငယ်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးဖြစ်သည်။

သို့ဖြစ်ရာ အစဉ်အလာမပျက် ကျင်းပလျက်ရှိသည့် အားကစားပြိုင်ပွဲအမျိုးမျိုးနှင့်အတူ အမျိုးသားအားကစားပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခြင်းအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်နှင့် ဝန်ကြီးဌာနများအကြား အချင်းချင်းချစ်ခင်ရင်းနှီးမှုရရှိရေး၊ အားကစားလှုပ်ရှားမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ပြည်သူတစ်ရပ်လုံး အားကစားကဏ္ဍပိုမိုစိတ်ဝင်စားလာရေး၊ နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ်ကို အားကစားဖြင့် မြှင့်တင်ဆောင်ရွက်နိုင်ရေးစသည့် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပြည်သူများထံ အသိပေးပန်ကြားချက်

❖ ပြည်တွင်းတွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ၁-၉-၂၀၂၄ ရက်မှစ၍ စာအုပ်ဖိုးငွေကျပ် ၃၅၀၀၀ မှ ကျပ် ၄၀၀၀၀ သို့ ပြောင်းလဲ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

## မြင့်ရတနာစတိုး သမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် မြင့်ရတနာစတိုး သမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ကန်တောင်ရပ်ကွက် ရွှေပြည်စိုးအသင်းခန်းမ၌ ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် မြင့်ရတနာစတိုးသမဝါယမအသင်း၏ ဥက္ကဋ္ဌ ဒေါ်ခင်အေးမြင့်က ဆောင်ရွက်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် အသင်းအမှုဆောင်အဖွဲ့ အစီရင်ခံစာ၊ ဘဏ္ဍာရေး ရှင်းတမ်း၊ စာရင်းစစ် အစီရင်ခံစာများကို အသင်းအမှုဆောင်တစ်ဦးက ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသက်ပြင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၈- ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၂၅၇ | ၂,၂၈၇,၃၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၅,၀၃၈ | ၁၇,၆၁၄,၇၅၀ |
| MCB | ၈,၉၀၀ | ၈,၉၀၀ | ၁၁ | ၉၇,၉၀၀ |
| FPB | ၁,၇၅၀ | ၁,၇၅၀ | ၁,၆၆၈ | ၂,၉၁၉,၀၅၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၁,၀၃၇ | ၂,၉၀၃,၆၀၀ |
| EFR | ၁,၇၀၀ | ၁,၇၀၀ | ၁,၇၀၄ | ၂,၉၀၄,၈၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၃၂၂ | ၁,၄၈၁,၂၀၀ |
| MAEX | ၃,၃၅၀ | ၃,၃၅၀ | ၇၅၆ | ၂,၅၀၇,၆၀၀ |
| MADPL(PLB) | ၃၅,၅၀၀ | ၃၅,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဌ
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား သင်တန်းနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အစည်းအဝေး(၃/၂၀၂၄)ကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အမျိုးသား ဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ အစည်းအဝေး (၃/၂၀၂၄) မြန်မာအမျိုးသားဝတ်စုံမှန်နှင့် မြန်မာ အမျိုးသမီးဝတ်စုံတို့အား ယဉ်ကျေးမှုအမွေအနှစ် အဖြစ် ထိန်းသိမ်းနိုင်ရန် မြန်မာအမျိုးသား အမျိုးသမီး ဝတ်စုံ သတ်မှတ်နိုင်ရေးအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရွှေဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ၌ ကျင်းပသည်။



အစည်းအဝေးသို့ မြန်မာတိုင်းရင်းသားလူမျိုး များ၏ အမျိုးသားဝတ်စုံမှန်သတ်မှတ်ရေးကော်မတီ ဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါ်နုမြဇံ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ အမျိုးသမီး များနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း အဖွဲ့ဝင် အလုပ်အမှုဆောင် ဒေါက်တာနန္ဒာမွန်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်၊ လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်အဖွဲ့ဝင် အလုပ်အမှုဆောင် ပါမောက္ခ ဒေါက်တာခင်ဆွေမြင့်၊ ပထမအကြိမ် ပြည်သူ့ လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ရွှေဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဦးလွင်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ ဌာန ဆိုင်ရာများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်း ရေးမှူး ဦးညွန့်တင်နှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက တိုင်းရင်း သားဝတ်စုံနှင့်ပတ်သက်၍ လွဲမှားမှုမရှိစေရန် ဝတ်စုံ များ၏ မူလဇာစ်မြစ်ကိုပါ လေ့လာစိစစ်တင်ပြရန် အတွက် "တီထွင်မှုသည် ရိုးရာကိုမကျော်ရန်" ဆိုသည့် "မူဝါဒ" ဖြင့် ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီကို ဖွဲ့စည်းရခြင်းနှင့်စပ်လျဉ်း ၍ တိုင်းရင်းသားဝတ်စုံမှန် သတ်မှတ်နိုင်ရေးအတွက် သမိုင်းမှတ်တမ်းအထောက်အထားများ၊ မြေပြင် ကွင်းဆင်းလေ့လာမှတ်တမ်းပြုချက်များ၊ သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်၊ မြန်မာ တိုင်းရင်းသားဝတ်စုံနှင့်စပ်လျဉ်း၍ နေ့စဉ်သုံးနှင့် အခမ်းအနား ခွဲခြားသတ်မှတ်ရန်၊ တိုင်းရင်းသားဝတ်စုံ များကို မူပိုင်ခွင့်သတ်မှတ်ရန်နှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ဥပဒေများ သတ်မှတ်သွားရန် ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ ၏ အမျိုးသားဝတ်စုံမှန် သတ်မှတ်ရေးကော်မတီ အတွင်းရေးမှူးက တိုင်းရင်းသားဝတ်စုံများသတ်မှတ် ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်း ပြောကြားပြီး တက်ရောက်လာသော ပညာရှင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✪ ရှေ့ဖုံးမှ

ကိုယ်ပိုင်ကားတွေနဲ့ လာကြတော့ ယာဉ်ကြောကျပ်တာတွေရှိတယ်။ ဒါတွေလျှော့ပါးသွားအောင် မီးပွိုင့်အသစ်ခြောက်ခုကို ဒီနှစ်ဘဏ္ဍာနှစ်မှာ ထပ်မံတိုးချဲ့တပ်ဆင်မှာပါ။ မီးပွိုင့်နဲ့ ဆက်စပ်ပစ္စည်းတွေကို တင်ဒါခေါ်ပြီးသွားပါပြီ" ဟု မြို့တော်ဝန်က ပြောသည်။

**ကြိုတင်ပြင်ဆင်ထား**

အဆိုပါ မီးပွိုင့်တစ်ခုလျှင် ငွေကျပ် သိန်း ၃၀၀ ဝန်းကျင်ကုန်ကျမည်ဖြစ်၍ မီးပွိုင့်နှင့်ပတ်သက်သည့် ဆက်စပ်ပစ္စည်းများကို တရုတ်နိုင်ငံမှ မှာယူတင်သွင်းရာ အချို့သော အစိတ်အပိုင်းများ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ဆက်စပ်ပစ္စည်းများရောက်ရှိလာပါက အမြန်ဆုံးတပ်ဆင်နိုင်ရန် တိုင်များနှင့် အခြားလိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

"လမ်းခရီးမှာ နည်းနည်းကြန့်ကြာနေပေမယ့် ပစ္စည်းစုံရောက်လာရင် ချက်ချင်းတပ်ဖို့ ပြင်ဆင်ထားပါတယ်။ လိုအပ်တဲ့နေရာတွေမှာ ထပ်မံတပ်ဆင်နိုင်ဖို့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ထိန်းသိမ်းရေးကရတဲ့ငွေနဲ့ ဆောင်ရွက်ဖို့လည်း အစီအစဉ်ရှိပါတယ်။ မီးပွိုင့်တွေက ပျက်တတ်တာမျိုးရှိတော့ နှစ်စဉ်ထိန်းသိမ်းပြင်ဆင်မှုတွေ လုပ်ပါတယ်" ဟု ဆက်လက်ပြောကြားသည်။

မန္တလေးမြို့တော်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရေးအတွက် SCATS အမျိုးအစားမီးပွိုင့် ၆၅ ခု၊ Individual Loop Sensor မီးပွိုင့် ၂၅ ခု၊ ရိုးရိုး Timer သုံး LED မီးပွိုင့် ၃၂ ခု စုစုပေါင်း ၁၂၂ ခုတပ်ဆင်အသုံးပြုလျက်ရှိသည့်အပြင် မီးပွိုင့်များနှင့် လိုအပ်သောနေရာများ၌ CCTV များတပ်ဆင်ကာ ယာဉ်အသွားအလာများကို မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်နေကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# နိုင်ငံတစ်ဝန်း စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် မျိုးစေ့နည်းပညာများ သိရှိလိုက်နာဆောင်ရွက်ရေး ဆွေးနွေးမှာကြား

နေပြည်တော် ဩဂုတ် ၂၈

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် အောင်မြင်စေရေး၏ အခြေခံ အုတ်မြစ်ကြီးဖြစ်သော မျိုး၊ မြေ၊ ရေ၊ နည်းလေးရပ်အနက် အရေးကြီးသော မျိုးစေ့နည်းပညာရပ်များ ပြန့်ပွားနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ် ဆောင်ရွက်ပေးလျက်ရှိသည်။



ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရန် မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေး၊ တောင်သူလယ်သမားများအား မျိုးစေ့များ အလွယ်တကူရရှိနိုင်ရန် ချိတ်ဆက်ပေးနိုင်ရေး၊ မျိုးစေ့များ ထုတ်လုပ်ရောင်းချမည်ဆိုပါက လုပ်ငန်းလိုင်စင်လုပ်ရမည်ဖြစ်ပြီး ချမှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် ကြီးကြပ်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးပို့ချခဲ့သည်။

မျိုးစေ့နည်းပညာပေး သင်တန်းကို စိုက်ပျိုးရေးတိုးချဲ့ပညာပေးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းကျောင်း (ရေဆင်း)တွင် ဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက သင်တန်းသားသင်တန်းသူများကို တွေ့ဆုံ၍ မျိုးစေ့တာဝန်ခံ ပညာရှင်ဝန်ထမ်းများသည် စပါးသီးနှံမျိုးစေ့သာမက ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့များ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ လုံလောက်စွာရရှိရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ နေကြာသီးနှံ ဧကသုံးသန်းထိ စိုက်ပျိုးရန် ရည်မှန်းထား၍ တစ်ဧက မျိုးစေ့ နှစ်ကီလိုနှုန်း စိုက်ပျိုးမည်ဆိုပါက မျိုးစေ့ ကီလို ခြောက်သန်း လိုအပ်မည်ဖြစ်၍ မိမိပြည်တွင်းတွင် ဖူလုံစွာ မျိုးစေ့ထုတ်နိုင်ရေး အတွက် ကုမ္ပဏီများကို နေကြာမျိုးစေ့ထုတ် စိုက်ကွင်းထူထောင်နိုင်ရန် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မြေနေရာများ ရှာဖွေစိစစ်ပေးထားရန်နှင့် ပူးပေါင်းဆောင်ရွက်ပေးခြင်း၊ ထောက်ပံ့ကူညီခြင်းတို့ လုပ်ဆောင်မှသာ မျိုးစေ့များ လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များ အနေဖြင့် မျိုးမသန့်သည်များကို တောင်သူများထံ ရောနှောမရောင်းချရန်၊ မမှန်ကန်သောမျိုးများ မဖြန့်ဖြူးရန်နှင့် စစ်ဆေးတွေ့ရှိပါက မျိုးစေ့ဥပဒေဖြင့် ထိရောက်စွာ အရေးယူသွားရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါသင်တန်းကို ဩဂုတ် ၂၆ ရက်မှ ၂၉ ရက်အထိ ပို့ချသွားမည်ဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် မျိုးစေ့တာဝန်ခံဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **လေးလေးသန်း**

**ဓာတ်ပုံ-စိုက်ပျိုးရေး**

# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၈**

ပြည်ထောင်စု ဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ ဆောင်ရွက်လျက်ရှိရာ နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများက လူကိုယ်တိုင်နှင့် အွန်လိုင်းတို့ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးခြင်းဖြင့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ အနေဖြင့် အဂတိလိုက်စားမှု မြောက်နိုင်သောကိစ္စရပ်များ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ပြစ်မှုပြစ်ဒဏ်များကို သိရှိနားလည်ပြီး အဂတိလိုက်စားမှုဖြစ်ပေါ်နိုင်သည့် အကြောင်းအရာများကို ရှောင်ကြဉ်လာနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ တိုးတက် ကောင်းမွန်လာစေရန်အတွက် အဂတိလိုက်စားမှု ကင်းစင်ရန် လိုအပ်ကြောင်း၊ အဂတိကင်းရှင်းသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တစ်ခုကို အကောင်အထည်ဖော်တည်ဆောက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ပိုမိုအလေးထားဆောင်ရွက်**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အများပြည်သူကို တိုက်ရိုက် ဝန်ဆောင်မှုပေးနေသည့် ဌာနအဖွဲ့အစည်းများဖြစ်သည့်အတွက် အများပြည်သူကို အပြည့်အဝ ဝန်ဆောင်မှုပေးရန်နှင့် အဂတိလိုက်စားမှု ကင်းစင်ရေး ပိုမိုအလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ဖြောင့်မတ်တည်ကြည်မှု၊ တာဝန်ယူ/ တာဝန်ခံမှုရှိရန်၊ ပွင့်လင်းမြင်သာစွာဖြင့် ကျောသားရင်သားမခွဲခြားဘဲ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးမြတ်မွန်က အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေး ကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအေးမင်းသောင်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးမောင်မောင်တင့် ဦးဆောင်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ဖြူးနှင့် ညောင်လေးပင်မြို့နယ်များရှိ စိုက်ပျိုးရေးသမဝါယမအသင်းများနှင့် တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ လူငယ့်အားမာန်စိုက်ပျိုးရေးနှင့် လုပ်ငန်းစုံသမဝါယမအသင်းလီမိတက်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ အသင်းပိုင်လယ်ယာများတွင် မိုးစပါးစိုက်ဧက ၅၀၀ မှ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စိုက်ဧက ၂၅၀ တွင် ဆင်းသုခနှင့် GW-11 စပါးမျိုးများ မျိုးစပါးထုတ်လုပ်နေမှုကို အောင်မြင်အောင် ဆောင်ရွက်ကြရေး၊ အသင်းပိုင်ဆန်စက်အား စွမ်းအားပြည့် ကြိတ်ခွဲလည်ပတ်နိုင်ရေး၊ ဒေသန္တားမွေးမြူရေး လုပ်ငန်းကို ဆက်လက်တိုးချဲ့ မွေးမြူသွားရေး ဆွေးနွေးမှာကြားသည်။

ထို့အတူ ညောင်လေးပင်မြို့နယ် ရဲနွယ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ မိုးစပါးစိုက်ဧက ၄၄၉ ဧက စိုက်ပျိုးနေကြသော အသင်းသား တောင်သူများနှင့် တွေ့ဆုံပြီး နွေစပါးစိုက်ပျိုးရေးအတွက် အောင်ရေရသောနေရာဖြစ်၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးစားလုပ်ကိုင်ကြရေး၊ ဆီထွက်သီးနှံ နေကြာ၊ မြေပဲနှင့် နှမ်းတို့ကိုပါ သီးထပ်အဖြစ် စိုက်ပျိုးကြရေး တိုက်တွန်းမှာကြားသည်။

ယင်းနောက် သမဝါယမအသင်းများမှ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် အသင်းသားများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများက ယုံကြည်အားထားရသော ကုန်ထုတ်၊ ကုန်သွယ်သမဝါယမအသင်းများဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့၌ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ

**ဝေါ ဩဂုတ် ၂၈**

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ဝေါမြို့မဈေးရှေ့၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုကိုနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြေစိုက်ပိုစတာစိုက်ထူပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် တက်ရောက်လာသူများက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဒေသတွင်းပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်နှင့် ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**



# ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



**ညောင်တုန်း ဩဂုတ် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမအသင်းစုလီမိတက်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ဦးသိန်းဝင်းက အဖွင့်အမှာစကားပြောကြား၍ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးက လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒါရိုက်တာအဖွဲ့၏အစီရင်ခံစာ၊ အသင်းစာရင်းစစ်၏ အစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အစုပေါ်အမြတ်များခွဲဝေပေးခြင်းတို့ကို တက်ရောက်လာသည့် အသင်းဝင်ကိုယ်စားလှယ်တို့ထံမှ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မျိုးဦးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အမှုဆောင်အသစ်များကို သမဝါယမဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရွေးချယ်တာဝန်ခွဲဝေပေးအပ်၍ အမှုဆောင်သစ်များက ကတိသစ္စာခံယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့ပဲပုပ်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ သုတေသီများ၊ တောင်သူများနှင့် ကဏ္ဍစုံမှသက်ဆိုင်သူများ တက်ရောက်ဆွေးနွေး



**နေပြည်တော် ဩဂုတ် ၂၈**

မြန်မာ့ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ကိုယ်စားလှယ်များက အွန်လိုင်းမှ တက်ရောက်ဆွေးနွေးကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်တွင်းပြည်ပဖွံ့ဖြိုးမှု မိတ်ဘက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာတွင် ယခုကျင်းပသည့် မြန်မာ့ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အလုပ်ရုံဆွေးနွေးပွဲသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေစီမံကိန်းများဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

အဆိုပါအထူးရန်ပုံငွေဖြင့် “စပါးရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့် သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်း” စီမံကိန်းကို ၂၀၂၄-၂၀၂၅ ခုနှစ်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပဲပုပ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရန် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးဆီထုတ်လုပ်မှုသာမက ကြိတ်ဖတ်ကို ပြည်တွင်းမွေးမြူရေးတိရစ္ဆာန်အစာအဖြစ် အသုံးပြုနိုင်မည့်ပဲပုပ်သီးနှံကိုလည်း တိုးချဲ့စိုက်ပျိုးရန် အားပေးဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သီးတောင့်ပါဝင်မှုများပြီး အထွက်နှုန်းတည်ငြိမ်ကာ ဒေသမရွေး စိုက်ပျိုးနိုင်သည့် အထွက်ကောင်းမျိုး ရေဆင်း-၁၅ ပဲပုပ်မျိုးကို တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်စေရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

သို့ပါ၍ ယနေ့ဆွေးနွေးပွဲတွင် ပြည်တွင်းစားသုံးဆီဖူလုံရေးနှင့် မွေးမြူရေးတိရစ္ဆာန်အစာကုန်ကြမ်း ပဲပုပ်ကြိတ်ဖတ်တင်သွင်းမှုလျှော့ချနိုင်ရေး၊ ပဲပုပ်သီးနှံတန်ဖိုးကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းချက်များ၊ လုပ်ငန်းများကို တိတိကျကျအစီအစဉ်များ ရေးဆွဲချမှတ်ပြီး စနစ်တကျတိုးတက်ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာကဏ္ဍများမှ တက်ကြွစွာပါဝင်ဆွေးနွေးပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းက မြန်မာ့ပဲပုပ်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ တင်ပြပြီး ဆွေးနွေးပွဲတက်ရောက်လာကြသည့် သုတေသီများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးပွဲခေတ္တရပ်နားချိန်တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ပဲမျိုးစုံသုတေသနဌာနခွဲ ပဲပုပ်သီးနှံသုတေသနဌာနသို့ သွားရောက်လေ့လာခဲ့ကြသည်။

ရှမ်းပြည်နယ်၌ ပဲပုပ်သီးနှံကို မိုးရာသီတွင် အဓိကစိုက်ပျိုးပြီး စစ်ကိုင်း၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ဧရာဝတီတိုင်းဒေသကြီးများ၌ မြစ်ရေကျချိန်တွင်လည်းကောင်း၊ မိုးနှောင်းသီးနှံအဖြစ် ရှမ်း၊ ကချင်၊ မွန်နှင့် ကရင်ပြည်နယ်တို့တွင် စပါးရိတ်သိမ်းအပြီးတွင်လည်းကောင်း ပဲပုပ်သီးနှံစိုက်ပျိုးကြကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ကေ၏ ၃၀ ရာခိုင်နှုန်း၊ မိုးနှောင်းနှင့် ဆောင်းသီးနှံစိုက်ကေ၏ ၇၀ ရာခိုင်နှုန်း စိုက်ပျိုးခဲ့သဖြင့် တစ်နိုင်ငံလုံး၌ စုစုပေါင်း ပဲပုပ်ကေ ၃ ဒသမ ၄ သန်း စိုက်ပျိုးခဲ့ကြောင်း၊ တန်ချိန် ၅ ဒသမ ၈ သန်းကျော် စိုက်ပျိုးထုတ်လုပ်ထွက်ရှိပြီး ပြည်ပသို့ မက်ထရစ်တန် ၆၀၀၀ ကျော် တင်ပို့လျက်ရှိကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်အဆောက်အအုံဆောက်လုပ်ပြီးစီးမှုနှင့် တက္ကသိုလ်ရာပြည့်အခမ်းအနားကျင်းပရန် အကြိုပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေဆင်းရေလှောင်တမံအတွင်း ရေဝင်ရောက်မှု၊ တမံကြံ့ခိုင်မှုနှင့် ရေပေးဝေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ရေဆင်းရေလှောင်တမံအနေဖြင့် ကန်ရေပြည့် ရေလှောင်ပမာဏ ဧကပေ ၇၃၀၀၀ သိုလှောင်နိုင်ပြီး ဩဂုတ် ၂၇ ရက်အထိ ရေဧကပေ ၄၆၂၀၀ ရှိသဖြင့် ၆၃ ရာခိုင်နှုန်း သိုလှောင်ထားရှိပြီးဖြစ်ကြောင်း ကျန်ရှိသောမိုးရာသီကာလ ရေဝင်ရောက်နိုင်မှုအခြေအနေအား ၁၀ နှစ်တာကာလ ပျမ်းမျှဖြင့်တွက်ချက်၍ မြို့ပြသုံးရေထုတ်ယူသုံးစွဲမှု၊ အငွေ့ပြန်ဆုံးရှုံးမှုနှင့် စိုက်ပျိုးရေပေးဝေမှုတို့ကို ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အထူးသဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေသောက်ဧရိယာများမှ နွေစပါး သီးနှံများ ပိုမိုစိုက်ပျိုး ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မှော်ဘီမြို့နယ် AFoCO RETC သင်တန်းကျောင်း၌ သစ်တောနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မှော်ဘီ ဩဂုတ် ၂၈**

ရန်ကုန်တိုင်း ဒေသကြီး မှော်ဘီမြို့နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန လေ့ကျင့်ရေးနှင့် သုတေသနဖွံ့ဖြိုးရေးဌာန အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (AFoCO RETC) (Asian Forest Cooperation Organization. Regional Education and Training Centre) ခန်းမ၌ သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အခမ်းအနားတွင် အာရှဒေသအဆင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း (AFoCO RETC)မှ ကျောင်းအုပ်ကြီး ဦးသိန်းသန်းထွန်းက သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာအသိပညာပေး ဟောပြောပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ပြောကြားသည်။ ထို့နောက် သင်တန်းကျောင်းဆိုင်ရာ ဗီဒီယိုပြသခြင်း၊ ပညာပေးဟောပြောဆွေးနွေးခြင်း၊ ကျောင်းသားကျောင်းသူများက ကျောင်းအတွင်းလေ့လာခြင်း၊ အမှတ်တရစုပေါင်းသစ်ပင်စိုက်ပျိုးခြင်း၊ ပျိုးဥယျာဉ်လေ့လာရေးခရီး သွားရောက်ခြင်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ပြုလုပ်ခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဝင်းဇော် (မှော်ဘီ)**

## တန့်ယန်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**တန့်ယန်း ဩဂုတ် ၂၈**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ဟူးလွယ်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုး စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် တန့်ယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများသည် နမ့်ဟူးလွယ်ကာကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



နမ့်ဟူးလွယ်ကာ ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၃၀ ကို ဒသမအကြိမ်မြောက် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ရန်ပုံငွေကျပ် ၄၅၈ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာဖြင့် လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၂၂

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နိုင်ငံခြားငွေ ယိုစိမ့်မှုများ လျှော့ချရေး ဝိုင်းဝန်းကူညီပေး

ရွှေရည်ဦး

**နိုင်ငံခြားငွေဆိုတာဘာလဲ**

နိုင်ငံခြားငွေဆိုတာ မိမိတို့နိုင်ငံမဟုတ်တဲ့ အခြားနိုင်ငံတစ်နိုင်ငံက အသိအမှတ်ပြု ထုတ်ဝေ သုံးစွဲတဲ့ ငွေကြေးကိုဆိုလိုပါတယ်။ ကမ္ဘာ့နိုင်ငံ အသီးသီးမှာသုံးစွဲနေတဲ့ နိုင်ငံအလိုက် ငွေကြေး အမျိုးမျိုးအနက် နိုင်ငံအများအပြားက သုံးစွဲကြတဲ့ နိုင်ငံခြားငွေတွေ တစ်နိုင်ငံမှ အခြားနိုင်ငံသို့ စီးဆင်း ရွှေ့ပြောင်းမှုများဟာ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေး ကဏ္ဍအတွက် အင်မတန်မှအရေးပါပါတယ်။ ကမ္ဘာမှာ အများဆုံး အရောင်းအဝယ်ပြုလုပ်နေကြတဲ့ ထိပ်တန်းနိုင်ငံခြားငွေကြေး ၁၀ မျိုးကတော့ အမေရိကန်ဒေါ်လာ၊ ယူရို၊ ဂျပန်ယန်း၊ ပေါင်စတာလင်၊ ဩစတြေးလျဒေါ်လာ၊ ကနေဒါဒေါ်လာ၊ ဆွစ်ဖရန့်၊ တရုတ်ယွမ်၊ ဟောင်ကောင်ဒေါ်လာနဲ့ နယူးဇီလန်ဒေါ်လာတို့ပဲ ဖြစ်ပါတယ်။ အဆိုပါ ငွေကြေးများနဲ့ တစ်ကမ္ဘာလုံးမှာ တစ်နေ့ပျမ်းမျှ ရောင်းဝယ်မှုပြုနေတဲ့ပမာဏကို လေ့လာကြည့်ပါက အောက်ပါအတိုင်းတွေ့ရှိရပါတယ် -

**တစ်နေ့တာရောင်းဝယ်မှုပမာဏနှင့် ထိပ်တန်းငွေကြေး ၁၀ မျိုး၏ ပါဝင်မှုအခြေအနေ**

| စဉ် | ငွေကြေးအမျိုးအစား | တစ်နေ့ပျမ်းမျှ ရောင်းဝယ်မှု ပမာဏ (ဒေါ်လာထရီလီယံ) | ရောင်းဝယ်မှု ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | အမေရိကန်ဒေါ်လာ | ၂.၉၀ | ၄၉.၆ |
| ၂ | ယူရို | ၁.၁၀ | ၁၈.၈ |
| ၃ | ဂျပန်ယန်း | ၀.၅၅ | ၉.၄ |
| ၄ | ပေါင်စတာလင် | ၀.၄၂ | ၇.၂ |
| ၅ | ဩစတြေးလျဒေါ်လာ | ၀.၂၂ | ၃.၈ |
| ၆ | ကနေဒါဒေါ်လာ | ၀.၁၇ | ၂.၉ |
| ၇ | ဆွစ်ဖရန့် | ၀.၁၆ | ၂.၇ |
| ၈ | တရုတ်ယွမ် | ၀.၁၄ | ၂.၄ |
| ၉ | ဟောင်ကောင်ဒေါ်လာ | ၀.၁၂ | ၂.၁ |
| ၁၀ | နယူးဇီလန်ဒေါ်လာ | ၀.၀၇ | ၁.၂ |

**ဇာစ်မြစ်။** https://www.bankbazaar.com/currency-exchange/most-traded-currencies-in-the- world ပေါ်အခြေခံ၍ စာရေးသူမှ တွက်ချက်ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှာလည်း အများဆုံးရောင်းဝယ် ဖောက်ကားအသုံးပြုနေတဲ့ နိုင်ငံခြားငွေမှာ အမေရိကန်ဒေါ်လာဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာနဲ့အတူ ယူရို၊ ထိုင်းဘတ်ငွေ၊ တရုတ်ယွမ်၊ မလေးရှားရင်းဂစ်၊ စင်ကာပူ ဒေါ်လာနဲ့ ဂျပန်ယန်းတို့ကိုလည်း သုံးစွဲမှုများပါတယ်။ အဲဒီနိုင်ငံခြားငွေတွေကို တရားဝင် အသုံးပြုခြင်းကြောင့် ငွေကြေးလည်ပတ်စီးဆင်းနေမှုကောင်းမွန်သလောက် ဥပဒေပြင်ပက အသုံးပြုမှုတွေများလာတဲ့အခါ နိုင်ငံတော်ရဲ့ အရေးကြီးကဏ္ဍတွေမှာ အသုံးပြုဖို့ နိုင်ငံခြားငွေလိုအပ်ချက်တွေ ဖြစ်ပေါ်လာနိုင်ပါတယ်။

**နိုင်ငံခြားငွေ ဘယ်ကရတာလဲ**

နိုင်ငံခြားငွေရနိုင်တဲ့ အခွင့်အလမ်းတွေကတော့ ပို့ကုန်ဝင်ငွေများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့် ပြည်ပ၌ ရင်းနှီးမြှုပ်နှံမှုများမှ ရငွေများ၊ ပြည်တွင်းသို့ လွှဲပို့ငွေများ၊ ခရီးသွားလုပ်ငန်းနှင့် လေကြောင်းဝန်ဆောင်မှုမှ ဝင်ငွေများ၊ ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ငှားရမ်းခြင်း၊ ရောင်းချခြင်း၊ ချေးယူရရှိငွေနှင့် ပြည်ပထောက်ပံ့ငွေ စသည်တို့ဖြစ်ပါတယ်။

**နိုင်ငံခြားငွေလိုအပ်ချက်က ဘယ်နေရာတွေမှာလဲ**

နိုင်ငံခြားငွေကို ပြည်တွင်းသုံးစွဲမှုအနေနဲ့ စက်သုံးဆီ၊ စားသုံးဆီ၊ လူသုံးကုန်နဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ ဆေးဝါးကုန်ကြမ်း၊ စက်ကိရိယာများ၊ ပြည်ပကြွေးမြီပေးဆပ်ခြင်း၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းများသို့ နှစ်စဉ်ထည့်ဝင်ကြေးများ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ ဆေးကုသခြင်း၊ ပညာသင်သွားရောက်ခြင်း၊ အပန်းဖြေခရီးအပါအဝင် ပြည်ပဘုရားဖူးသွားရောက်ခြင်း စသည့် စရိတ်အမျိုးမျိုးအတွက် နိုင်ငံခြားငွေကို သုံးစွဲရပါတယ်။ အဲဒီအသုံးစရိတ်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို သုံးစွဲခြင်း၊ ပြည်တွင်းမှ စီးထွက်နေတဲ့စရိတ်များကို လျှော့ချသုံးစွဲခြင်းနဲ့ ပြည်ပတင်ပို့မှုမှရရှိတဲ့ ရငွေများကို ပြည်တွင်းသို့ ပြန်လည်စီးဝင်စေခြင်းတို့ကို ဆောင်ရွက်ရပါတယ်။

**နိုင်ငံခြားငွေ ယိုစိမ့်နေမှုများ**

ပြည်ပသို့သွားရောက်ရာမှာလည်း တရားဝင် သွားရောက်ခြင်းများရှိသလို တရားမဝင်သွားရောက်နေခြင်းများလည်း ရှိပါတယ်။ မူလသွားရောက်စဉ်က တရားဝင်အလည်အပတ် သွားရောက်ခြင်းဖြစ်သော်လည်း သက်ဆိုင်ရာနိုင်ငံရောက်မှ အလုပ်လုပ်တာ၊ ပညာသင်တာတွေဖြစ်သွားကြတာကြောင့် တရားဝင်သွားရာကနေ တရားမဝင်လမ်းကြောင်းသို့ ရောက်သွားတာကိုလည်း တွေ့ရပါတယ်။

**ပြည်ပသို့ နှစ်စဉ်သွားရောက်နေသည့်အရေအတွက်**

ကိုဗစ် -၁၉ နောက်ပိုင်းမှာ နယ်စပ်ထွက်ပေါက်များအပါအဝင် ပြည်ပသို့သွားရောက်တဲ့ ခန့်မှန်း လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါတယ်-

အထက်ဖော်ပြပါဇယားတွင်ပါရှိတဲ့ အခြားဆိုတာက နိုင်ငံတော်မှ တရားဝင်စေလွှတ်တဲ့ ကိုယ်စားလှယ်အဖွဲ့များ၊ သံရုံးဝန်ထမ်းများနဲ့ ယင်းတို့၏ မိသားစုဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ သင်္ဘောသားများ စသည်တို့ပါဝင်ပါတယ်။

ဦးရေ

| ခုနှစ် | ပညာသင်/ဆေးကု/ဘုရားဖူး/ ခရီးသွား/အလုပ်လုပ်ကိုင် | အခြား | စုစုပေါင်း |
|---|---|---|---|
| ၂၀၂၂ | ၅၂၆,၁၉၆ | ၅၁,၈၆၃ | ၅၇၈,၀၅၉ |
| ၂၀၂၃ | ၉၁၃,၆၃၁ | ၈၂,၇၆၁ | ၉၉၆,၃၉၂ |
| ၂၀၂၄(ဇူလိုင်ထိ) | ၆၄၅,၃၁၅ | ၅၆,၀၀၂ | ၇၀၁,၃၁၇ |
| **စုစုပေါင်း** | ၂,၀၈၅,၁၄၂ | ၁၉၀,၆၂၆ | ၂,၂၇၅,၇၆၈ |

**ဇာစ်မြစ်။** လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

သွားရောက်တဲ့သူတွေထဲမှာ အလည်အပတ် ရည်ရွယ်ချက်နဲ့သွားတဲ့ဦးရေက အများစုဖြစ်သော်လည်း သွားရောက်သူအချို့ကတော့ တစ်ဖက်နိုင်ငံသို့ ရောက်တဲ့အချိန်မှာ မူလရည်ရွယ်ချက်အတိုင်း မဟုတ်ဘဲ အလုပ်ရှာ၊ အလုပ်လုပ်ရင်းနဲ့ တရားမဝင် ရွှေ့ပြောင်းသွားလာသူအဖြစ် ရောက်ရှိသွားတာတွေလည်းရှိပါတယ်။ သူတို့တွေ ပြည်ပမှာ ဒုက္ခရောက်နေလို့ နိုင်ငံတော်စရိတ်နဲ့ ပြန်ခေါ်ရတဲ့သာဓကများလည်း ရှိပါတယ်။

**နိုင်ငံခြားသွားရောက်တဲ့သူတစ်ဦးအတွက် သုံးစွဲရတဲ့ အနည်းဆုံး နိုင်ငံခြားသုံးငွေ**

နိုင်ငံခြားခရီးသွားမယ်ဆိုရင် သွားရောက်တဲ့ ရည်ရွယ်ချက်နှင့် ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်အမျိုးအစားပေါ်မူတည်၍ ဗီဇာကြေး ပေးသွင်းရပါတယ်။ ဗီဇာဆောင်ရွက်ခငွေပမာဏနဲ့ နေထိုင်ခွင့်ပေးတဲ့ကာလကလည်း တစ်နိုင်ငံနဲ့ တစ်နိုင်ငံ မတူကြပါ။ ဥပမာ - ထိုင်းနိုင်ငံသို့ ဆေးကုသဖို့ သွားရောက်သူအနေနဲ့ Medical Tourist Visa လို့ခေါ်တဲ့ ဆေးဘက်ဆိုင်ရာ ခရီးသွားဗီဇာကို လျှောက်ထားရပါတယ်။ ဗီဇာကြေးကတော့ တစ်ကြိမ်ဝင်ခွင့် အမေရိကန်ဒေါ်လာ ၄၀ ဖြစ်ပြီး သက်တမ်းကာလ သုံးလ ပေးထားပါတယ်။ သုံးလအတွင်း မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာပြီး ဆေးကုသရန် ရက်ချိန်းကြောင့် ထပ်မံသွားရောက်မည်ဆိုပါက ဗီဇာကြေးထပ်ပေးရမှာ ဖြစ်ပါတယ်။

အလားတူ ထိုင်းနိုင်ငံမှာ ကျောင်းတက်ဖို့ ကျောင်းသားဗီဇာ (Student Visa) လျှောက်ထားတဲ့အခါမှာလည်း အမေရိကန်ဒေါ်လာ ၆၅ ဒေါ်လာ၊ ယူရို ၆၀ ဝန်းကျင်ခန့် ပေးရမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ ပညာသင်သွားပါကလည်း ကနဦး သုံးလခန့် ဗီဇာကြေး အမေရိကန်ဒေါ်လာ ၃၈ ဒေါ်လာခန့် ပေးသွင်းရပါတယ်။ ဒါ့အပြင် ဆောင်ငွေနဲ့ အာမခံကြေး၊ ဆေးစစ်မှုခံယူဖို့နဲ့ ကြိုတင်ပေးသွင်းမှုများအတွက် ဆောင်ငွေ ယွမ် ၅၀၀၀ နဲ့ညီမျှတဲ့ အမေရိကန်ဒေါ်လာ ၇၀၀ ကျော် ယူဆောင်သွားဖို့လိုပါတယ်။ စင်ကာပူဗီဇာကြေးကတော့ နိုင်ငံကူးလက်မှတ်နဲ့ သွားရောက်မယ့်အကြောင်းအရာများအလိုက် အနည်းဆုံး ၉၉ ဒေါ်လာမှ စပေးရပါတယ်။ လေယာဉ်လက်မှတ်ခကတော့ သွားရောက်မယ့်နိုင်ငံအလိုက် ကွာခြားနိုင်ပြီး အာဆီယံနဲ့ အိမ်နီးနားချင်းနိုင်ငံများသို့ သွားရောက်ပါက ခရီးအနီးအဝေးနဲ့ လေကြောင်းလိုင်းများပေါ်မူတည်ပြီး ပျမ်းမျှအားဖြင့် အနည်းဆုံး ဒေါ်လာ ၁၀၀ ကျော်မှ ၁၀၀၀ ကျော်ခန့် ကုန်ကျနိုင်ပါတယ်။

ဘုရားဖူးခရီးစဉ်များဆိုရင် ၂၀၂၃ ခုနှစ် ဗုဒ္ဓဂါယာ ဘုရားဖူးတစ်ဦးကို ဘုရားဖူးရက်နဲ့ ခရီးစဉ်ပေါ်မှာ မူတည်ပြီး ဒေါ်လာ ၅၀၀ ကျော်မှ ဒေါ်လာ ၁၀၀၀ ကြား ကုန်ကျပါတယ်။ ဟဂ်ျဘုရားဖူးတစ်ဦးစရိတ်မှာ ဒေါ်လာ ၄၀၀၀ ကျော်မှ ၅၀၀၀ ကျော်ထိ ကုန်ကျပါတယ်။ ဗီဇာကြေး၊ လေယာဉ်ခတွေဟာ ပြည်တွင်းမှာကတည်းက နိုင်ငံခြားငွေသုံးစွဲရတဲ့ စရိတ်တွေဖြစ်ပါတယ်။ ဒီကနဦး နိုင်ငံခြားငွေကုန်ကျစရိတ်တွေကို ခရီးသွားမယ့်သူများကလည်း ရရာနည်းနဲ့ရှာကြသလို ပြင်ပမှာ တရားမဝင်ရောင်းချသူတွေကလည်း ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းထက်ပိုပြီး ဈေးနှုန်းတင်ရောင်းချနေကြတာကိုလည်း တွေ့ရပါတယ်။

အလည်အပတ်နဲ့ ဘုရားဖူးခရီးသွားလာမှုများမှာလည်း အနည်းဆုံးတစ်ဦးလျှင် လေယာဉ်လက်မှတ်ခနှင့် နေထိုင်စရိတ်များအပါအဝင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၆၀၀၀ ကျော်ထိရှိနိုင်ကြောင်း ခန့်မှန်းရရှိပါတယ်။ ပြည်ပတွင် နေထိုင်ရက် ပိုမိုကြာရှည်ပါက ယခုထက်မက ငွေကြေးကုန်ကျနိုင်ပါတယ်။

ဒါ့ပြင် နိုင်ငံတော်ကလည်း အလုပ်လုပ်ကိုင်မည့်သူ၊ ဆေးကုသမည့်သူနဲ့ ပညာသင်သွားရောက်မယ့်သူ တစ်ဦးလျှင် ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ အတွင်း ရောင်းချပေးရတာကြောင့် မသွားခင်သုံးစွဲရတဲ့ ကုန်ကျစရိတ်က အမေရိကန်ဒေါ်လာ ၇၀၀ မှ ၁၅၀၀ အတွင်း အနည်းဆုံးရှိကြောင်း ခန့်မှန်းနိုင်ပါတယ်။ ဒါဟာ တရားဝင်အမေရိကန်ဒေါ်လာ အနည်းဆုံးစီးထွက်မှုများဖြစ်ပါတယ်။

နိုင်ငံခြားရောက်သွားတဲ့အခါ နေထိုင်မှုစရိတ်အတွက် သက်ဆိုင်ရာ နိုင်ငံရဲ့ငွေကြေးကို ရှာရပါသေးတယ်။ ဥပမာ - ပညာသင်မယ့်သူက ပညာသင်ထောက်ပံ့ကြေးရရှိပါက သက်ဆိုင်ရာ ပညာသင်ထောက်ပံ့ကြေးပေးတဲ့ အဖွဲ့အစည်း/ တက္ကသိုလ်စရိတ်နဲ့ ကျောင်းတက်နိုင်ပြီး မရပါက နေထိုင်မှုစရိတ်အတွက် သက်ဆိုင်ရာနိုင်ငံမှာ အလုပ်လုပ်ရင်းရှာဖွေရတာရှိပါတယ်။ နမူနာအားဖြင့် ထိုင်းနိုင်ငံမှာ ပညာသင်တစ်ဦး အခြေခံလိုအပ်တဲ့ နေထိုင်မှုစရိတ်က ကျောင်းလခမပါ လစဉ်အမေရိကန်ဒေါ်လာ ၄၅၃ ဒေါ်လာခန့်ရှိပါတယ်။ ဒီစရိတ်တွေကိုပေးချေဖို့ ပညာသင်စရိတ်နဲ့ အလုပ်လုပ်ကိုင်ရင်း ရရှိတဲ့စရိတ်လုံလောက်မှုမရှိပါက မိဘ၊ ညီအစ်ကိုမောင်နှမများက နိုင်ငံခြားငွေရောင်းချတဲ့ နေရာတွေကနေ တရားဝင်နဲ့ တရားမဝင်တဲ့ နည်းလမ်းများနဲ့ရှာဖွေပြီး ပေးပို့ကြရပါတယ်။

စာမျက်နှာ ၇ သို့ ❍

> **“ နိုင်ငံခြားငွေကို ပြည်တွင်းသုံးစွဲမှုအနေနဲ့ စက်သုံးဆီ၊ စားသုံးဆီ၊ လူသုံးကုန်နဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ ဆေးဝါးကုန်ကြမ်း၊ စက်ကိရိယာများ၊ ပြည်ပကြွေးမြီပေးဆပ်ခြင်း၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းများသို့ နှစ်စဉ်ထည့်ဝင်ကြေးများ၊ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်ခြင်း၊ ဆေးကုသခြင်း၊ ပညာသင်သွားရောက်ခြင်း၊ အပန်းဖြေခရီးအပါအဝင် ပြည်ပဘုရားဖူးသွားရောက်ခြင်း စသည့် စရိတ်အမျိုးမျိုးအတွက် နိုင်ငံခြားငွေကို သုံးစွဲရပါတယ် ”**

# ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်



ရန်ကုန် ဩဂုတ် ၂၈

ရေယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေကြောင်းဖြင့် ခရီးသွားကြသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ကုန်စည်များ လုံခြုံချောမွေ့စွာ လိုရာခရီးသို့ သယ်ယူပို့ဆောင်နိုင်ရေး ဝန်ဆောင်မှုပေးနိုင်ရန်၊ ရေယာဉ်လုပ်ငန်းလုပ်ကိုင်သူများ၊ ရေယာဉ်ပိုင်ရှင်များ၊ ရေယာဉ်လုပ်သားများအနေဖြင့် ချမှတ်ထားသောစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလုပ်ဆောင်နိုင်စေရန်၊ ရေယာဉ်ဆိုက်ကပ်သည့် ဆိပ်ကမ်းနေရာများ စနစ်တကျ ရှိစေရေးဆောင်ရွက်ရန်၊ ရေယာဉ်စည်းကမ်း၊ ရေကြောင်းဆိုင်ရာ စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေယာဉ်မတော်တဆမှုများ လျော့နည်းပပျောက်စေရန်ရည်ရွယ်ကာ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း လှိုင်မြစ်ကို အသုံးပြုလျက်သွားလာလှုပ်ရှားနေကြသည့် ခရီးသွားပြည်သူများ၏ အသက်အန္တရာယ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေးအတွက် စက်တပ်သမ္ဗန်ရေယာဉ်မောင်းနှင်သူများအား စနစ်တကျ မှတ်ပုံတင်ထုတ်ပေးရေးနှင့် သမ္ဗန်ရေယာဉ်ပြေးဆွဲရေး၊ သမ္ဗန်ရေယာဉ်ဂိတ်များဖွဲ့စည်းမှု၊ ရေကြောင်းသွားလာမှုဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေးနှင့် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်စွာ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကြည့်မြင်တိုင်မြို့နယ်အတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မှတ်ပုံတင်ထားရှိသည့် မြင်းကောင်ရေ ၂၀ အောက် စက်တပ်သမ္ဗန် ၅၃၇ စင်းရှိရာ သမ္ဗန်ရေယာဉ်ဂိတ် ခုနစ်ဂိတ်ဖြစ်သည့် ဆိပ်ကြီးရေယာဉ်ဂိတ်တွင် အစင်း ၆၀၊ စက်ဆန်းရေယာဉ်ဂိတ်တွင် ၉၂ စင်း၊ အောက်ရုံရေယာဉ်ဂိတ်တွင် ၈၈ စင်း၊ အလတ်ချောင်း ရေယာဉ်ဂိတ်တွင် ၁၀၃ စင်း၊ အေးရွာအရှေ့ရေယာဉ်ဂိတ်တွင် ၅၄ စင်း၊ ဘလုတ်ညွန့်ရေယာဉ်ဂိတ်တွင် ၇၄ စင်းနှင့် စက်ကလေးရေယာဉ်ဂိတ်တွင် ၆၆ စင်းဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

○ စာမျက်နှာ ၆ မှ

အလားတူ ဆေးကုသမှုစရိတ်မှာလည်း သာမန်ဆေးစစ်မှုမှသည် ရောဂါအမျိုးအစားအလိုက် ဆေးကုသည်အထိ ဆေးကုသစရိတ်တွေ ကွာခြားမှု ရှိပါတယ်။ ထိုင်းနိုင်ငံမှာ ဆရာဝန်စမ်းသပ်ခအနေနဲ့ ပုဂ္ဂလိက ဆေးခန်း၊ ဆေးရုံနဲ့ရောဂါအမျိုးအစား ပေါ်မူတည်ပြီး ဘတ် ၇၀၀ မှ ၃၀၀၀၊ အမေရိကန်ဒေါ်လာအားဖြင့် ၂၂ ဒေါ်လာမှ ၉၄ ဒေါ်လာထိရှိပြီး အစိုးရဆေးရုံတွေမှာ ဘတ် ၂၀၀ မှ ၅၀၀၊ အမေရိကန်ဒေါ်လာအားဖြင့် ခြောက်ဒေါ်လာမှ ၁၆ ဒေါ်လာထိရှိတာတွေ့ရပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးကို CT Scan ရိုက်ပါက အနည်းဆုံး အမေရိကန်ဒေါ်လာ ၇၀၀ မှ ၇၈၀ အတွင်း ကုန်ကျတာ တွေ့ရပါတယ်။ ဒါကြောင့် ပြည်ပမှာသွားရောက်ပြီး ဆေးစစ်မယ်ဆိုရင် အနည်းဆုံး သုံးစွဲရမယ့်စရိတ်က ဒေါ်လာ ၁၀၀၀ အထက်အထိ ရှိနိုင်ပါတယ်။

ယခုခန့်မှန်းရရှိတဲ့ အနည်းဆုံးကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို ပြည်ပသို့ ထွက်ခွာနေတဲ့ လူဦးရေ (ရှေ့မှာဖော်ပြခဲ့တဲ့ ပြည်ပသို့ ခရီးသွားရောက်တဲ့ဇယားရှိ အခြားစာရင်းမပါ)နဲ့ တွက်ချက်ကြည့်ပါက အနည်းဆုံး နိုင်ငံခြားငွေ စီးထွက်မှုမှာ နှစ်စဉ် ဒေါ်လာသန်း ၁၀၀၀ နီးပါး ရှိတယ်လို့ ခန့်မှန်းနိုင်မှာဖြစ်ပါတယ်။ အကြောင်းအရာပေါ်မူတည်ပြီး ဒီထက်လည်း ပိုနိုင်ပါတယ်။

**တရားမဝင်စီးထွက်နိုင်တဲ့ ခန့်မှန်းချက်များ**

တရားမဝင်စီးထွက်နိုင်တဲ့ကဏ္ဍတွေအနက်မှ အာမခံကဏ္ဍမှာ နိုင်ငံခြားငွေနဲ့ပေးချေရတဲ့ အာမခံထားသူတွေဟာ မြန်မာ့အာမခံလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားအာမခံကုမ္ပဏီတွေထံသို့ ချိတ်ဆက်ဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံခြားအာမခံကုမ္ပဏီသို့ တိုက်ရိုက်ချိတ်ဆက်ပြီး အာမခံထားရှိနေကြတဲ့အတွက် တရားဝင်နည်းလမ်းနဲ့မဟုတ်ဘဲ ပြည်ပကို နိုင်ငံခြားငွေတရားမဝင်စီးဆင်းမှုတွေရှိနေပါတယ်။

ခရီးသွားအာမခံမှာလည်း အချို့သောသံရုံးတွေက နိုင်ငံခြားအာမခံကုမ္ပဏီတွေရဲ့ ကျန်းမာရေးအာမခံနဲ့ ခရီးသွားအာမခံတွေကိုသာ လက်ခံတဲ့အတွက် ဒီလိုအခြေအနေမျိုးနဲ့လည်း နိုင်ငံခြားငွေတွေ ပြည်ပကို စီးဆင်းမှုတွေ ရှိနေပါတယ်။

ယေဘုယျအနေနဲ့ကြည့်မယ်ဆို ခရီးသွားကာလပေါ်မူတည်ပြီးတော့ ခရီးသွားကုမ္ပဏီတစ်ခုမှာ ပြည်ပသွားရောက်တဲ့ ခရီးသွားဦးရေဟာ တစ်လကို လူဦးရေ ၃၀ မှ ၅၀ အကြားရှိတဲ့အတွက် တစ်ဦးလျှင် အာမခံကြေး အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာနဲ့ တစ်နှစ်မှာ ခန့်မှန်းခြေအားဖြင့် ခရီးသွားကုမ္ပဏီတစ်ခုကနေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကျော် ပြည်ပသို့ စီးဆင်းနေပါတယ်။ လက်ရှိရန်ကုန်တိုင်းဒေသကြီးမှာ ခရီးသွားကုမ္ပဏီ ၂၈၆၂ ခုရှိတဲ့အတွက် တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ၂၈ ဒသမ ၆၂ သန်းခန့် ပြည်ပသို့ စီးဆင်းနိုင်ခြေရှိတယ်လို့ ခန့်မှန်းနိုင်ပါတယ်။

ဒါ့အပြင် ကုန်ပစ္စည်းအရောင်းအဝယ်လုပ်ငန်းတွေမှာ သတ်မှတ်ရက်အတွင်း ဝယ်သူက ငွေပေးချေနိုင်ခြင်းမရှိတဲ့အခါ ကုစားပေးနိုင်မယ့် ပို့ကုန်သွင်းကုန်လုပ်ငန်းတွေအတွက် ထားရှိတဲ့ Trade Credit Insurance အမျိုးအစားကိုလည်း နိုင်ငံခြားကုမ္ပဏီတွေနဲ့ တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်နေခြင်းတွေလည်း ရှိနေပါတယ်။

> ❝ **ဝင်ငွေနဲ့ အသုံးစရိတ်မျှတဖို့ဆိုရင် ဝင်ငွေတိုးတက်ဖို့လိုသလို သုံးငွေကိုလည်း ခြိုးခြံချွေတာဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် မလိုလားအပ်တဲ့ ယိုဖိတ်မှုတွေမရှိစေရေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။**
>
> **နိုင်ငံခြားငွေဒေါ်လာသုံးစွဲမှုနဲ့ ယိုစိမ့်မှုတွေ လျှော့ချနိုင်ဖို့အတွက် မလွှဲမရှောင်သာ ကိစ္စရပ်တွေမှတစ်ပါး ခြိုးခြံချွေတာရမယ့်ကိစ္စရပ်တွေအတွက် မိမိတို့ပြည်တွင်းဝန်ဆောင်မှုတွေကို ရယူသုံးစွဲခြင်း၊ တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လို့ရပါလျက် တရားမဝင်လမ်းကြောင်းဘက်သို့ ရောက်သွားတဲ့ကိစ္စရပ်တွေ မပြုလုပ်မိစေရေးကို သတိပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေလိုအပ်ချက်နဲ့ ယိုစိမ့်မှုတွေ လျှော့ချနိုင်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာဖြစ်** ❞

ကုန်စည်ပို့ဆောင်သူတွေ တာဝန်ယူမှုအာမခံ (Freight Forwarders Liability Insurance) နဲ့ ဘက်စုံပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မှု အာမခံ (Multimodal Transport Operator Liability Insurance) တွင်လည်း လုပ်ငန်းဆောင်ရွက်နေတဲ့ သင်္ဘောလိုင်းတွေ၊ ကုမ္ပဏီတွေ ၅၇ ခု ရှိတဲ့အနက် နိုင်ငံခြားအာမခံကုမ္ပဏီများတွင် တိုက်ရိုက်အာမခံထားရှိတဲ့ ကုမ္ပဏီ ၅၀ ကျော်ရှိတဲ့အတွက် နိုင်ငံခြားငွေယိုစိမ့်မှုတွေ ရှိနေနိုင်ပါတယ်။

သင်္ဘောပိုင်ရှင်တွေအတွက် အကာအကွယ်နဲ့ လျော်ကြေးအာမခံ (Protection & Indemnity (P&I) Insurance) ကို နိုင်ငံတကာရေပိုင်နက်တွင် တွေ့ကြုံရနိုင်တဲ့ အန္တရာယ်တွေအတွက် အာမခံ အကာအကွယ် ကျယ်ကျယ်ပြန့်ပြန့် ပေးနိုင်တဲ့ နိုင်ငံခြားအာမခံကုမ္ပဏီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နိုင်ငံခြားငွေပေးချေခြင်းတွေလည်း ရှိနေပါတယ်။

အလားတူပင် မီးတစ်ဆင့်အာမခံအမျိုးအစား လက်ခံဆောင်ရွက်မှုအပိုင်းမှာလည်း ရန်ကုန်တိုင်းဒေသကြီးတစ်ခုတည်းတွင်ပင် စက်ရုံအလုပ်ရုံပေါင်း ၈၀၆၃ ခုခန့် ရှိတဲ့အနက် မြန်မာနိုင်ငံရှိအာမခံကုမ္ပဏီတွေကတစ်ဆင့် နိုင်ငံခြားအာမခံကုမ္ပဏီတွေမှာ တစ်ဆင့်အာမခံထားရှိတဲ့ စက်ရုံအရေအတွက်ဟာ ၆၈၃ ခုသာရှိတဲ့အတွက် ပြည်တွင်းသို့ စီးဆင်းတဲ့ နိုင်ငံခြားငွေဟာ ရှစ်ရာခိုင်နှုန်းခန့်သာရှိပြီး ကျန် ၉၂ ရာခိုင်နှုန်းဟာ နိုင်ငံခြားအာမခံကုမ္ပဏီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး နိုင်ငံခြားငွေပေးချေခြင်းတွေကို ဆောင်ရွက်နေနိုင်ခြေရှိပါတယ်။

ဟွန်ဒီနဲ့ တရားမဝင်နည်းလမ်းကနေ ငွေလွှဲတာတွေ အိမ်ခြံမြေပွဲစားတွေရဲ့အကူအညီနဲ့ နိုင်ငံရပ်ခြားမှာ တိုက်ခန်းတွေ၊ ကွန်ဒိုတွေဝယ်ယူခြင်း၊ အိမ်နီးချင်းနိုင်ငံတွေနဲ့ ရွှေအရောင်းအဝယ်လုပ်ငန်းဆောင်ရွက်ကြခြင်းစတဲ့ လုပ်ငန်းတွေ၊ တရားမဝင်လောင်းကစားလုပ်ငန်းတွေကလည်း နိုင်ငံခြားငွေ စီးဝင်/စီးထွက်မှုတွေ ရှိနေပါတယ်။

နိုင်ငံရပ်ခြားမှ ကုန်စည်ပစ္စည်းတွေကို ဝယ်ယူရာမှာ ဟွန်ဒီလို တရားမဝင်ငွေလွှဲဆောင်ရွက်တဲ့ ကြားခံဆောင်ရွက်ပေးသူတွေကတစ်ဆင့် ဝယ်ယူတာတွေကိုလည်း ရှောင်ရှားဖို့လိုပါတယ်။

**နိုင်ငံခြားငွေတိုးတက်ရရှိရေး၊ ဝင်ငွေသုံးငွေ မျှတရေးနှင့် နိုင်ငံခြားငွေ ယိုစိမ့်မှုများလျှော့ချရေး**

ပြည်ပနိုင်ငံကြီးများမှ မိမိတို့နိုင်ငံရဲ့ စီးပွားရေးကို နည်းလမ်းမျိုးစုံနဲ့ ပိတ်ဆို့မှုတွေကြောင့် ပြည်တွင်းသို့စီးဝင်လာနိုင်တဲ့ ငွေကြေးတွေမှာ စီးဝင်ရန် အကန့်အသတ်ဖြစ်ပေါ်နေပါတယ်။ ဒါ့ကြောင့် နိုင်ငံခြားငွေတိုးတက်ရရှိဖို့အတွက် နိုင်ငံခြားဝင်ငွေရရှိနိုင်မယ့် ထုတ်ကုန်တွေ တိုးတက်ထုတ်လုပ်ပြီး ပို့ကုန်တိုးမြှင့်နိုင်ရေး၊ လွှဲပို့ငွေတွေ တရားဝင်စီးဝင်မှုပိုမိုစေရေး၊ တရားမဝင်ကုန်သွယ်မှုတွေ လျှော့ချရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်ရရှိရေးတို့ကို ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ဝင်ငွေနဲ့ အသုံးစရိတ်မျှတဖို့ဆိုရင် ဝင်ငွေတိုးတက်ဖို့လိုသလို သုံးငွေကိုလည်း ခြိုးခြံချွေတာဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် မလိုလားအပ်တဲ့ ယိုဖိတ်မှုတွေမရှိစေရေး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

နိုင်ငံခြားငွေဒေါ်လာသုံးစွဲမှုနဲ့ ယိုစိမ့်မှုတွေ လျှော့ချနိုင်ဖို့အတွက် မလွှဲမရှောင်သာ ကိစ္စရပ်တွေမှတစ်ပါး ခြိုးခြံချွေတာရမယ့်ကိစ္စရပ်တွေအတွက် မိမိတို့ပြည်တွင်းဝန်ဆောင်မှုတွေကို ရယူသုံးစွဲခြင်း၊ တရားဝင်လမ်းကြောင်းမှ ဆောင်ရွက်လို့ရပါလျက် တရားမဝင်လမ်းကြောင်းဘက်သို့ ရောက်သွားတဲ့ကိစ္စရပ်တွေ မပြုလုပ်မိစေရေးကို သတိပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေလိုအပ်ချက်နဲ့ ယိုစိမ့်မှုတွေ လျှော့ချနိုင်ရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။

နိုင်ငံခြားငွေယိုစိမ့်မှုတွေ လျော့ကျလာပါက နိုင်ငံတော်အနေနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေမှာ ယခုထက်ပိုမိုသုံးစွဲလာနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုပေးနေတဲ့ ဌာနတွေဘက်ကလည်း ယခုထက်ပိုမိုပြီး ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို ပိုမိုကောင်းမွန်အောင် ဝန်ဆောင်မှုပေးနိုင်ဖို့ ကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

မိမိတို့ပြည်တွင်း လိုအပ်ချက်တွေ ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးနဲ့ သာယာဝပြောမှုရှိစေရေးအတွက် မိမိတို့မိသားစုဝင်ပြည်သူတွေကိုယ်တိုင်က ကိုယ်စီအသိနဲ့လိုက်နာစောင့်ထိန်းရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်စီးပွားရေးနဲ့ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ တိုးတက်ကောင်းမွန်စေဖို့ နိုင်ငံသားတစ်ဦးချင်းတစ်ယောက်ချင်း ကိုယ်စီအသိနဲ့ နိုင်ငံခြားငွေယိုစိမ့်မှုတွေ လျှော့ချရေးကို တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မော်လမြိုင် ဩဂုတ် ၂၈**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ်၂၈ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း ဦးသာညွှင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကျောင်းသားလူငယ်များ၏ ကျန်းမာရေးပြည့်စုံကောင်းမွန်နေရုံသာမက ဗလ ငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ မွေးထုတ်နိုင်ရန် အတွက် ကျောင်းသား ကျောင်းသူများအပါအဝင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ၊ အခြားနီးနွယ်ဌာန များ၊ အဖွဲ့အစည်းများနှင့် မိဘပြည်သူလူထုတို့ ပူးပေါင်းပြီး ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြား သည်။



ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်များ နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ် ပညာရေးမှူးက ပညာရေးလုပ်ငန်းဆောင်ရွက်ချက် များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် အထိမ်းအမှတ် လှုပ်ရှားမှုများ ဗီဒီယိုမှတ်တမ်းပြသနေမှုကိုလည်း ကောင်း၊ Grade -3 ကျောင်းသား ကျောင်းသူများက "တစ်ကိုယ်ရေကျန်းမာသန့်ရှင်းခြင်း တေးကဗျာ" ဖြင့် သရုပ်ဖော်သီဆိုနေမှုများကို လည်းကောင်း ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသူများကို သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများ၏ အာဟာရ အတွက် မေးခွန်း ၅၀ ဖြေဆိုနေမှု၊ မူလတန်း ကျောင်းသား ကျောင်းသူများက အစာအုပ်စု သုံးအုပ်စု အာဟာရပညာပေးရောင်စုံခြယ်ခြင်း၊ ကျန်းမာ ပျော်ရွှင်ပညာသင်၊ စွမ်းရည်ထက်မြက် အနာဂတ် အတွက် ဆောင်ပုဒ်နှင့်အညီ ကျောင်းသား ကျောင်းသူ များ သိမှတ်လိုက်နာဆောင်ရွက်သင့်သော ကျန်းမာ ရေးဆိုင်ရာပညာပေးပြခန်း ပြသထားရှိမှု၊ စနစ်မှန် သွားတိုက်ခြင်း သရုပ်ပြခြင်း၊ အာဟာရအုပ်စုသုံးစု ပါဝင်သော အစားအစာများ ခင်းကျင်းသရုပ်ပြခြင်းနှင့် လက်ဆေးနည်းအဆင့်ဆင့် သရုပ်ပြခြင်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# Naypyitaw State Academy တွင် ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ




**နေပြည်တော် ဩဂုတ် ၂၈**

Naypyitaw State Academy တွင် ကျောင်းသား ကျောင်းသူများ ဆေးလိပ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် သိရှိနားလည်စေရန်ရည်ရွယ်၍ ဆေးလိပ်၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲ ၃ နာရီတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် Naypyitaw State Academy မြန်မာစာဌာန ပါမောက္ခ(ဌာနမှူး) ဒေါက်တာဇော်ဝင်းက ဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲခြင်း၏ ဆိုးကျိုး အန္တရာယ်များကိုလည်းကောင်း၊ ဇီဝကမ္မဗေဒဌာန တွဲဖက်ပါမောက္ခ(ဌာနမှူး) ဒေါက်တာမင်းအောင်ဇော် မြင့်က မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ် ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ဟောပြောခဲ့ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကို ဉာဏ်စမ်းမေးခွန်းများမေး၍ ဆုများချီးမြှင့်သည်။

**တက်ရောက်**

အခမ်းအနားသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ/ တွဲဖက် ပါမောက္ခ(ဌာနမှူးများ)၊ ဆရာ ဆရာမ၊ ဝန်ထမ်းများ နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

# ပညာရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ပူးပေါင်း၍ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်းနည်းပညာဆိုင်ရာသင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၈**

ပညာရေး ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက် သည့် အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment-CRA) နည်းပညာဆိုင်ရာ သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းတွင် ပညာရေးဝန်ကြီးဌာန အဆင်မြင့်ပညာဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ပညာရေးဝန်ကြီးဌာန ပညာရေးသုတေသန စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စိုးမိုးလွင်က အဂတိလိုက်စားမှု သည် နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပေါ်နိုင်ပြီး အဂတိလိုက်စားမှုကို ကျူးလွန် ပါက အဂတိလိုက်စားမှု တိုက်ဖျက် ရေးဥပဒေနှင့် အရေးယူခံရမည့် အပြင် ပတ်ဝန်းကျင်အသိုင်းအဝိုင်း ၌ မိမိ၏ဂုဏ်သိက္ခာ ထိခိုက် ကျဆင်းစေမည် ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများ သိရှိရှောင်ကြဉ် ရန်လိုအပ်ကြောင်းနှင့် အထူး သဖြင့် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ဘဏ္ဍာငွေ နစ်နာစေ သည့် ကိစ္စများနှင့် မိမိဝန်ထမ်း စိတ်ဝမ်းကွဲစေမည့် ကိစ္စရပ်များကို အထူးဂရုစိုက်ကြရန် ပြောကြား သည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာ ထွန်းက အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာ ခြင်း နည်းပညာဆိုင်ရာသင်တန်း နှင့်ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

အဆိုပါသင်တန်းအား ဩဂုတ် ၂၈ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ် ပို့ချမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၇ ဦး တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

**ကောင်းကောင်း(မြိတ်)**

# လမ်းမတော်မြို့နယ်၌ ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ်တို့လူငယ် ခေါင်းစဉ်ဖြင့် ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း တို့ ပူးပေါင်းကျင်းပသော ဆေးလိပ်ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ် တို့လူငယ် ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲ၊ စာစီစာကုံး ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယနေ့နံနက် ၁၀ နာရီက အထက(၂) မြတ်ပညာခန်းမ၌ ကျင်းပသည်။

ထိုသို့ကျင်းပရာ၌ စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦးနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦး ပါဝင် ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိသူများကို စက်တင်ဘာ ၄ ရက်တွင် ဆုများပေးအပ် သွားမည်ဖြစ်သည်။

ဆက်လက်၍ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများသည် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထား သည့် ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုနှင့်ပတ်သက်သည့် အသိပညာပေးပိုစတာများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၂၈**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း နှင့် တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များ ပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် ဩဂုတ် ၂၈**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှုဖြင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ/ စစ်မှုထမ်းဟောင်းနှင့် အစားခန့်ဝန်ထမ်းများ၏ သား/ သမီး ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့် အသိပညာများ အတုယူ လေ့လာနိုင်စေရန် လေ့လာရေးခရီးစဉ်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဩဂုတ် ၂၆ ရက် ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ပေကျင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး မြန်မာနိုင်ငံဆိုင်ရာ စစ်သံမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။



### သွားရောက်လည်ပတ်

အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Tian Tan ပန်းခြံသို့ သွားရောက် လည်ပတ်ခြင်း၊ မွန်းလွဲပိုင်းတွင် Ling Guang ဘုရားကျောင်းသို့ သွားရောက်၍ ဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါ ထူးချွန်လူငယ်များ ပါဝင်သည့် လေ့လာရေးအဖွဲ့သည် ပေကျင်းမြို့ရှိ Great Wall သို့ သွားရောက်လေ့လာခဲ့ကြပြီး မွန်းလွဲပိုင်းတွင် နွေရာသီနန်းတော်သို့ သွားရောက်လေ့လာခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ သွားရောက်လေ့လာရာတွင် နိုင်ငံတော်အဆင့် ဘက်စုံပညာထူးချွန်လူငယ် ရွေးချယ်ခံရသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ သက်ဆိုင်ရာ နေရာအလိုက်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့်အောင်မြင်သည့်စစ်သည်များ ပါဝင်သော မျိုးဆက်သစ် ထူးချွန်လူငယ်မောင်မယ်များ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ အထင်ကရနေရာများတွင် လေ့လာကြစဉ်။





# (၁၉)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီးညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၈

(၁၉)ကြိမ်မြောက် အာရှမီဒီယာ ထိပ်သီး ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ (19th Asia Media Summit & Associated Meetings) အား အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AIBD) ၏စီစဉ်မှုဖြင့် စက်တင်ဘာ ၁ ရက်မှ ၅ ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ နှစ်စဉ်ကျင်းပသည့် အစည်းအဝေးများသို့ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့် နည်းပညာများအရ လိုက်လျော ညီထွေဖြစ်စေမည့် မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ ဆွေးနွေးနိုင်ရန် အာရှဒေသ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဒေသဆိုင်ရာ မီဒီယာကဏ္ဍဆုံးဖြတ်ပိုင်ခွင့်ရှိသူများ၊ ပညာရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ မီဒီယာကျွမ်းကျင်သူများ၊ အာရှပစိဖိတ်ဒေသတွင်းမှ ဆက်စပ်အဖွဲ့အစည်းများ တက်ရောက် ဆွေးနွေးလေ့ရှိရာ ယခု Summit သို့ အာရှ ပစိဖိတ်၊ အာဖရိကနှင့် ဥရောပတို့ရှိ နိုင်ငံပေါင်း ၅၀ ကျော်မှ ဒေသဆိုင်ရာကျွမ်းကျင်သူ ၅၀၀ ကျော် တက်ရောက်မည်ဟု မျှော်မှန်းထားပြီး အာရှပစိဖိတ်ဒေသမှ ဆက်သွယ်ရေးနှင့် ပြန်ကြားရေးဝန်ကြီးများလည်း တက်ရောက်ကြမည်ဖြစ်သည်။

ယခုနှစ် Summit ၏ Theme မှာ " Media: The New Odyssey " ဖြစ်ရာ အဆိုပါ Summit တွင် ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများနှင့် မီဒီယာနှင့် ရုပ်သံထုတ်လွှင့်မှုများတွင် AI ၏ ရှုထောင့်အမျိုးမျိုး၊ သင်ယူခြင်းနှင့် တိုးတက်မှုများအတွက် ပူးပေါင်းအားထုတ်မှုများအား ရှာဖွေဖော်ထုတ်ဆွေးနွေးကြမည်ဖြစ်ပြီး ယခုကဲ့သို့ ပြောင်းလဲမှုလျင်မြန်နေသော အချိန်များတွင် အသံအမျိုးမျိုး ပါဝင်မှုများနှင့် ရှုရှိနိုင်မှုများမှ အရေးကြီးသည့်အချက်များအား ဆွေးနွေးဖော်ထုတ်ကြမည်ဖြစ်သည်။

အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့် ဖွံ့ဖြိုးတိုးတက်ရေး အဖွဲ့အစည်း (AIBD)အနေဖြင့် မဟာဗျူဟာမိတ်ဖက်များနှင့် ပူးပေါင်း၍ စက်တင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် Pre-Summit Workshop ၁၀ ခု ကျင်းပမည်ဖြစ်ပြီး စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် Summit ကို ကျင်းပမည်ဖြစ်ကြောင်း၊ အဆိုပါ Summit အား တောင်ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယားနှင့် အင်ဒိုနီးရှား စသည့် အာရှနိုင်ငံများတွင် လှည့်လည်ကျင်းပခဲ့ရာ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ၂၀၁၅ ခုနှစ်တွင် နောက်ဆုံးကျင်းပခဲ့ရာမှ ယခုကိုးနှစ်အကြာတွင် ပြန်လည်ကျင်းပနိုင်မည်ဖြစ်သည်။

အာရှ-ပစိဖိတ်ဒေသတွင်း ရုပ်သံလွှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (AIBD) ကို ၁၉၇၇ ခုနှစ်တွင် ယူနက်စကို၏ ဦးဆောင်မှုဖြင့် စတင်တည်ထောင်ခဲ့ရာ ရုပ်/သံထုတ်လွှင့်မှုနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ရန် ကတိကဝတ်ပြုထားသော ဒေသဆိုင်ရာအစိုးရများအကြား ပူးပေါင်းဖွဲ့စည်းထားသော နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အာရှ-ပစိဖိတ်ဒေသတွင် တက်ကြွ၍ ညီညွတ်သော အီလက်ထရောနစ်မီဒီယာဝန်းကျင် ဖြစ်ထွန်းမှုတွင် အရေးကျသည့် အခန်းကဏ္ဍတစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်း၊ AIBD ၏ Summit သည် လူသိများသော အထင်ကရ Event တစ်ခုဖြစ်ပြီး ချိတ်ဆက်ရန်၊ အသိပညာဗဟုသုတများ ဆွေးနွေးမျှဝေရန်နှင့် ရုပ်သံလွှင့်လုပ်ငန်းများ၏အနာဂတ်ကိုဆွေးနွေးရန် မီဒီယာကျွမ်းကျင်သူများအတွက် အစုတ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

MRTV




# ကယားပြည်နယ်ဝန်ကြီးချုပ် ပြည်သူ့ဝန်ဆောင်မှုရုံး ဖွင့်လှစ်ဆောင်ရွက်ထားရှိမှုနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုများအား ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဩဂုတ် ၂၈

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ပြည်သူ့ဝန်ဆောင်မှုရုံး (OSS) ဖွင့်လှစ်ထားရှိမှု၊ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် ရွှေတောင်ပရိယတ္တိစာသင်တိုက်တို့၌ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖွင့်လှစ်ထားရှိသည့် ပြည်သူ့ဝန်ဆောင်မှုရုံးသို့ သွားရောက်ကာ ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ယခင်ဌာနဆိုင်ရာရုံးများ ပိတ်ထားခဲ့ရာမှ ယခုအခါ ပြည်သူများ၏ လိုအပ်သည့်



ကိစ္စရပ်များကို တစ်နေရာတည်း ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြည်သူများနှင့် ဌာနဆိုင်ရာများ ဆက်သွယ်ရာတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ရန် ပြည်သူ့ဝန်ဆောင်မှုရုံးကို ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံး၌ ဌာနဆိုင်ရာများနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းလိုအပ်ချက်များကို လာရောက်စုံစမ်းမေးမြန်းနိုင်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း လာရောက်စုံစမ်းသည့် ပြည်သူများအား သေချာရှင်းလင်းညွှန်ပြပေးရန်၊ ကူညီဆောင်ရွက်ပေးရန် လိုအပ်သော လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ရေးတို့ကို မှာကြားခဲ့သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အားပေးစကားပြောကြားကာ ဝန်ထမ်းများ၏ တင်ပြချက်များကို ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် ရွှေတောင်ပရိယတ္တိစာသင်တိုက်တို့သို့ သွားရောက်၍ အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်ကြောင့် ပျက်စီးခဲ့သည့် ပြည်နယ်သံဃနာယက ရုံးအဖွဲ့အဆောက်အအုံ၊ အောင်မြင်မင်္ဂလာရုံနှင့် စာသင်ဆောင်များ၊ သာသနာ့ရိပ်ကျောင်းဆောင်၊ ရွှေရတုကျောင်းဆောင်နှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံနေမှုနှင့် ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး စာသင်တိုက်များရှိစာသင်သံဃာတော်များ ပြန်လည်သီတင်းသုံးနိုင်ရေးအတွက် အမြန်ဆုံးပြီးစီးအောင် ပြုပြင်မွမ်းမံဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မော်လမြိုင်မြို့၌ မူးယစ်ဆေးဝါးအန္တရာယ်၊ မျိုးချစ်စိတ်ဓာတ်ထက်မြက်ရေးနှင့် ဗလငါးတန်ကြွံခိုင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

မော်လမြိုင် ဩဂုတ် ၂၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ် (၃၈) မူးယစ်တပ်ဖွဲ့စု (မော်လမြိုင်) တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ဆိုးကျိုးများအကြောင်း သိကောင်းစရာများနှင့် မျိုးချစ်စိတ်ဓာတ်ထက်မြက်ရေး၊ ဗလငါးတန်ကြွံခိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ပင်မဆောင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာခိုင်ခိုင်စန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၃၈) မူးယစ်တပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲအုပ်လင်းလင်းဦးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်ဆိုင်ရာ ဆိုးကျိုးများအကြောင်း၊ မူးယစ်ဆေးဝါး မသုံးစွဲမိစေရန် လိုက်နာသင့်သည့် အချက်များ၊ မူးယစ်ဆေးဝါး အမျိုးအစားများ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း၊ အလုပ်အမှုဆောင် ဦးသန့်ဝင်းက မျိုးချစ်စိတ်ဓာတ် ထက်မြက်ရေး၊ ဗလငါးတန် ကြွံခိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ဟောပြောပွဲနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူများ သိသင့်သိထိုက်သည့် အသိပညာ ဗဟုသုတ အကြောင်းအရာများ၊ စာဖတ်ခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ပြီး အမှတ်တရလက်ဆောင်များပေးအပ်ကာ ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်ဆိုင်ရာ နံရံကပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၈

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

# တနင်္သာရီတိုင်းဒေသကြီး ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ထားဝယ် ဩဂုတ် ၂၈

ဗလငါးတန်ဖွံ့ဖြိုးရေး ကျောင်းကျန်းမာရေး အလေးပေးဟူသော ဆောင်ပုဒ်နှင့်အညီ တနင်္သာရီတိုင်းဒေသကြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ကျင်းပရာ ကျောင်းသားကျောင်းသူများက အဓိကမြော်တွေး ကျန်းမာရေးသီချင်းဖြင့် သီဆိုဂုဏ်ပြုသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ကျန်းမာရေးနှင့် ညီညွတ်သော ကျောင်းပတ်ဝန်းကျင်များ ပေါ်ထွန်းလာစေရေး၊ ရေရှည်တည်တံ့စေရေး အထောက်အကူရစေရန် ရည်ရွယ်ပြီး နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်ကို ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်လှုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်မြန်မာနိုင်ငံရှိအခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူ ရှစ်သန်းကျော် ပညာသင်ကြားလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ၊ နှီးနွှယ်အဖွဲ့အစည်းများ၊ ပြည်သူလူထုများ ပူးပေါင်းပြီး ကျန်းမာရေးအဆင့်မြင့်ကျောင်းများကို နည်းစနစ်ကျကျ အကျိုးရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကာယ၊ဉာဏ၊ စာရိတ္တနှင့်ပြည့်စုံပြီး ဗလငါးတန်ပြည့်ဝသော ကျောင်းသားလူငယ်များ ပေါ်ပေါက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာမိုးဇော်က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းကျန်းမာရေးအထိမ်းအမှတ် Video Clip ကို ပြသသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးတို့က ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်စာစီစာကုံး၊ ပိုစတာ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပြီး အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများက တေးသီချင်းအကများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းစာသင်ခန်းများတွင် အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းတို့မှ ခင်းကျင်းပြသထားသော ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုပြခန်းများနှင့် ဉာဏ်စမ်းမေးခွန်းမေးမြန်းနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## အာရှ-ပစိဖိတ် အိမ်ခြံမြေကွန်ဗင်းရှင်း နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) တက်ရောက်ဆွေးနွေးမည်

ရန်ကုန် ဩဂုတ် ၂၈

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပမည့် အာရှ-ပစိဖိတ်အိမ်ခြံမြေကွန်ဗင်းရှင်းနှင့် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်(FIABCI–Thai)နှီးနှောဖလှယ်ပွဲသို့ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)က တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျင်းပမည်**

အဆိုပါ ဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်နှင့် ၃၁ ရက်အထိ နှစ်ရက်တာ ဗန်ကောက်မြို့ The Berkeley ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်၏ ဖိတ်ကြားချက် အရ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(MRESA)ဗဟိုဥက္ကဋ္ဌ ဦးခင်မောင်သန်းက ဦးဆောင်၍ အသင်းသား၊ တိုင်းဒေသကြီးနှင့်ပြည်နယ်မှ ဥက္ကဋ္ဌများအပါအဝင် အသင်းသား ၅၀ ကျော် ဒုတိယအကြိမ် ပါဝင်တက်ရောက်မည်ဖြစ်သည်။

FIABCI–Thai မှ တရားဝင်ဖိတ်ကြားခြင်းခံရသော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှု့အသင်းအပါအဝင် နိုင်ငံတကာအဆင့်မီ အသင်းကြီး ၄၀ ကျော် တက်ရောက်မည်ဖြစ်ပြီး ကမ္ဘာ့အဆင့်မီအိမ်ခြံမြေအကြောင်း ဟောပြောသူပေါင်း ၄၀ ကျော်၊ နိုင်ငံတကာမှ အိမ်ခြံမြေခေါင်းဆောင် ၆၀၀၊ Developer ပေါင်း ၈၀၀ ကျော် တက်ရောက်ကြမည်ဖြစ်သည်။

**တရားဝင်ဖိတ်ကြား**

"FIABCI လို့ခေါ်တဲ့ ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်ဟာ ၁၉၅၁ ခုနှစ်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့မှာ တည်ထောင်ခဲ့ပါတယ်။ ဒီကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်ကနေပြီးတော့ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို) ဥက္ကဋ္ဌနဲ့ အသင်းသားတွေကို တရားဝင်ဖိတ်ကြားခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်းနဲ့ အသင်းသားတွေအတွက် အများကြီးအကျိုးရှိသလို အခွင့်အလမ်းကောင်းတစ်ခုလည်း ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံတွေမှာ ဆောင်ရွက်နေတဲ့ ဝန်ဆောင်မှုတွေအပြင် နိုင်ငံတာကာနဲ့လည်း ချိတ်ဆက်ပြီး ဝန်ဆောင်မှုပေးနေတာကို လေ့လာသိရှိနိုင်မှာဖြစ်ပါတယ်။ တက်ရောက်လာကြမယ့် ကမ္ဘာ့အိမ်ခြံမြေအဖွဲ့ချုပ်မှာ ပါဝင်နိုင်ငံတွေရဲ့ Developer တွေ၊ ဗိသုကာတွေ၊ ရင်းနှီးမြှုပ်နှံသူတွေ၊ Real Estate Manager တွေ၊ ရှေ့နေတွေ၊ Constructer တွေ အစရှိတဲ့ Real Estate Industry ထဲမှာရှိကြတဲ့ ပရော်ဖက်ရှင်နယ်ကဏ္ဍအသီးသီးမှ တက်ရောက်လာကြမှာဖြစ်သလို သက်ဆိုင်တဲ့ အသိပညာရရှိစေဖို့ ၎င်းကိုယ်စားလှယ်တွေက အခန်းကဏ္ဍအသီးသီးကို ဟောပြောဆွေးနွေးတင်ပြမယ့် အခွင့်အလမ်းတွေလည်း ရရှိမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးခင်မောင်သန်းက ပြောသည်။

ယင်းနှီးနှောဖလှယ်ပွဲသို့ နိုင်ငံတကာမှ ထိပ်တန်းရင်းနှီးမြှုပ်နှံသူများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ အကျိုးဆောင်များ၊ အိမ်ခြံမြေဆိုင်ရာ မန်နေဂျာများ တက်ရောက်ကြမည်ဖြစ်ပြီး ထိပ်တန်းကမ္ဘာ့အိမ်ခြံမြေရောင်းဝယ်ရေးသမားများနှင့်လည်း နှီးနှောဖလှယ်ခွင့် ရရှိမည်ဖြစ်သည်။

ကြေးမုံ

## လွိုင်လင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေး

လွိုင်လင် ဩဂုတ် ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများက ပင်လုံ(အရှေ့) ကျေးရွာအုပ်စု နောင်လိုင့်ကျေးရွာ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ လွိုင်လင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွိုင်လင်မြို့နယ် ဦးစီးမှူး ဒေါ်တင်မင်းထိုက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နောင်လိုင့်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသားအသင်းသူ ၄၅ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၂၉၇ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ပထမအကြိမ်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

မိုး/ဇလ



## သုဝဏ္ဏဝတီမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

သထုံ ဩဂုတ် ၂၈

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့တွင် ကျောင်းသားကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းကို ယနေ့နံနက် ၁၀ နာရီခန့်က ကျိုက္ကော်ရပ်ကွက်ရှိ အထက(ကျိုက္ကော်)ရွှေရတုခန်းမ၌ ကျင်းပသည်။

**မေးမြန်းဆွေးနွေး**

အခမ်းအနားတွင် ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဟန်ဝင်းထွဋ်၊ အမှတ်(၇၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ဒုရဲအုပ်ဖြိုးသူခိုင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဥပဒေများ၊ ဖြစ်မှုဖြစ်ဒဏ်များနှင့် ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရန်/ရှောင်ရန်အချက်များကိုရှင်းလင်းဟောပြောရာ ကျောင်းသား ကျောင်းသူများက သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

အဆိုပါဟောပြောပွဲတွင် အထက(ကျိုက္ကော်) ကျောင်းအုပ်ဆရာမကြီး ဒေါ်စောမူနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# လူထိန်းချုပ်မဲ့လက်နက်များကို တားမြစ်ရန် တရားဝင်ထိန်းချုပ်ပေးမည့် စာရွက်စာတမ်းများကို ၂၀၂၆ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**ကုလသမဂ္ဂ ဩဂုတ် ၂၈**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် လူထိန်းချုပ်မဲ့လက်နက်များကို တားမြစ်ရန် ရည်ရွယ်သည့် စာရွက်စာတမ်းများကို ၂၀၂၆ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများကို တောင်းဆိုခဲ့ကြောင်း သိရသည်။

သေစေနိုင်သော လူထိန်းချုပ်မဲ့ လက်နက်စနစ်ဆိုသည်မှာ လူသားတို့၏ စွက်ဖက်မှုမပါဘဲ ပစ်မှတ်များကို အလိုအလျောက် ရွေးချယ်တိုက်ခိုက်နိုင်သော ဉာဏ်ရည်တုစွမ်းအင်သုံး လက်နက်စနစ်တစ်ခုကို ဆိုလိုခြင်းဖြစ်ကြောင်း သိရသည်။

စစ်မြေပြင်တွင် အသုံးပြုပါက အဆိုပါစနစ်များသည် အရပ်သားသေဆုံးမှုနှင့် နောက်ဆက်တွဲ အခြားပြဿနာများကိုပါ ဖြစ်စေနိုင်ကြောင်း လေ့လာသူအချို့က သုံးသပ်ပြောကြားသည်။

ဉာဏ်ရည်တုနည်းပညာသုံး လက်နက်များကို ကိုင်တွယ်ဖြေရှင်းရန် ရည်ရွယ်သည့် ကုလသမဂ္ဂဆုံးဖြတ်ချက်ကို အတည်ပြုပြီးနောက် အဖွဲ့ဝင်နိုင်ငံများနှင့် လူ့အခွင့်အရေးအဖွဲ့များ၏ သဘောထားအမြင်များပါဝင်သော အစီရင်ခံစာတစ်ရပ်ကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က အချက်အလက် စုဆောင်းလျက်ရှိသည်။

### လူမဆန်သောလုပ်ရပ်

လူသားများကို စက်များဖြင့် အလိုအလျောက် ပစ်မှတ်ထားခြင်းသည် လူမဆန်သောလုပ်ရပ်အဖြစ် သုံးသပ်မိပါကြောင်း ဂူတာရက်စ်က ပြောသည်။

နိုင်ငံတကာ အသိုက်အဝန်းက အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန် ကြိုးပမ်းသင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။



လူသားထိန်းချုပ်မှုမရှိဘဲ လုပ်ဆောင်နိုင်သော သေစေသည့် လက်နက်စနစ်များကိုတားမြစ်ရန် အဖွဲ့ဝင်နိုင်ငံများကို ကုလသမဂ္ဂအကြီးအကဲဂူတာရက်စ်က တိုက်တွန်းခဲ့သည်။

သို့သော် အချို့သော အဖွဲ့ဝင်နိုင်ငံများက လူထိန်းချုပ်မဲ့ လက်နက်စနစ်ဆိုင်ရာ ဥပဒေများချမှတ်ရန် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို မသတ်မှတ်ရသေးကြောင်း ပြောကြားသည်။

ထိုကဲ့သို့သော နိုင်ငံများက အဆိုပါလက်နက်စနစ်၏ အကျိုးကျေးဇူးများကိုလည်း ပြောကြားသည်။ ၎င်းတို့၏ အသုံးပြုမှုသည် တိကျမှုကို မြှင့်တင်ခြင်းဖြင့် ထိခိုက်မှုရှိစေရန် မရည်ရွယ်သည့်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုကို လျှော့နည်းစေကြောင်းလည်း ၎င်းတို့က ဆိုသည်။

၎င်းစနစ်သည် လူသားထိန်းချုပ်သူ၏ စိတ် သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အခြေအနေကြောင့် ဖြစ်ပေါ်လာနိုင်သည့် အမှားများကို ဖယ်ရှားပေးနိုင်ကြောင်းလည်း ၎င်းတို့က ထပ်လောင်းပြောသည်။

### ဆက်လက်စောင့်ကြည့်ရမည်

ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် အခြားဖိုရမ်များတွင် လူထိန်းချုပ်မဲ့ လက်နက်စနစ်ကို တားမြစ်ကန့်သတ်ရန် အဖွဲ့ဝင်နိုင်ငံများက သဘောတူညီမှုရှိ၊ မရှိကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အေရာချီ



ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကို

# အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများလျှော့ချရေးအတွက် သံတမန်နည်းလမ်းဖြင့်ဆောင်ရွက်ရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

**တိုကျို ဩဂုတ် ၂၈**

အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများလျှော့ချရေးအတွက် အီရန်က သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုက တိုက်တွန်းခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

၎င်းအရေးနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမီကာဝါယိုကိုနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ်အေရာချီတို့အကြား တယ်လီဖုန်းဖြင့် ဆွေးနွေးမှုပြုခဲ့သည်။ အီရန်အနေဖြင့် ဟားမတ်စ်ခေါင်းဆောင်သေဆုံးခဲ့ခြင်းအတွက် အစ္စရေးအား လက်တုံ့ပြန်လိုသော်လည်း အစ္စရေးနှင့်ဟားမတ်စ်အကြားဆွေးနွေးပွဲ၏ တိုးတက်မှုအခြေအနေများကို သုံးသပ်ပြီး ချင့်ချိန်ဆောင်ရွက်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသည်။

တင်းမာမှုများမြင့်တက်လာခြင်းဖြင့် ဒေသတွင်း၌ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အကျိုးမရှိစေသောကြောင့် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ရန် ကာမီကာဝါယိုကိုက မှတ်ချက်ပြုပြောကြားသည်။

ထို့ပြင် ဟစ်ဇ်ဘိုလာအဖွဲ့ကိုလည်း စစ်ရေးနည်းလမ်းဖြင့်မဟုတ်ဘဲ သင့်တော်သည့်နည်းလမ်းဖြင့် ပဋိပက္ခများကို ဖြေရှင်းဆောင်ရွက်ရေးအတွက် အီရန်က ကြားဝင်တိုက်တွန်းရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ပန်ကြားခဲ့သည်။

အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများလျှော့ချရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်ဟု အီရန်နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုများ သဘောတူညီမှုမရရှိသေး

**ဂျေရုဆလင် ဩဂုတ် ၂၈**

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ဆွေးနွေးမှုများသည် လက်ရှိအချိန်အထိ သဘောတူညီမှုမရရှိသေးကြောင်း သိရသည်။



အစ္စရေးနှင့် ဟားမတ်စ်တို့သည် စေ့စပ်ညှိနှိုင်း ပေးလျက်ရှိသည့် အီဂျစ်နိုင်ငံ၌ အလုပ်သဘောဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဆွေးနွေးပွဲများသည် ဓားစာခံများ လွတ်မြောက်ရေး အခြေအနေများနှင့် ဂါဇာကမ်းမြောင်မှ အစ္စရေးတပ်များ ဆုတ်ခွာမှုအပေါ် အဓိကထား ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

သို့သော်လည်း အပစ်အခတ်ရပ်စဲပြီးနောက်တွင် အီဂျစ်နှင့် တောင်ပိုင်းနယ်စပ်ကဲ့သို့ နယ်မြေများတွင် ၎င်း၏တပ်များကို ဆက်လက်ထားရှိရန် အစ္စရေးက တောင်းဆိုလျက်ရှိသည်။

အဆိုပါကိစ္စရပ်သည် အစ္စရေးနှင့် ဟားမတ်စ်တို့အကြား အဓိကသဘောထားကွဲလွဲမှု တစ်ခုဖြစ်ကြောင်း သိရသည်။

အမေရိကန်၏ ယခင်အဆိုပြုချက်တွင် အစ္စရေးက ထည့်သွင်းထားသည့် ကိစ္စရပ်များကိုလည်း ဟားမတ်စ်အဖွဲ့က လုံးဝလက်ခံမည်မဟုတ်ကြောင်း ဟားမတ်စ်အဖွဲ့မှ အကြီးတန်းအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

လက်ရှိတွင် အစ္စရေးတပ်ဖွဲ့သည် ဂါဇာ၌ ထိုးစစ်ဆင်မှုများကို ဩဂုတ် ၂၇ ရက်တွင် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

မြောက်ပိုင်းရှိ ဂါဇာစီးတီး၊ တောင်ဘက်ရှိ ခန်ယွန်နစ်မြို့နှင့် အခြားနေရာများတွင် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ၂၁ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းမီဒီယာက ဖော်ပြခဲ့သည်။

အစ္စရေး-ဟားမတ်စ်တို့ ပဋိပက္ခစတင်ဖြစ်ပွားသည့် အချိန်မှစပြီး လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၄၀၄၇၆ ဦးရှိကြောင်း ဂါဇာကမ်းမြောင်ရှိ ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောကြားသည်။

ကာကွယ် ဆေးထိုးခြင်းနှင့် အခြားလုပ်ဆောင်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများကို ရပ်ဆိုင်းထားရကြောင်း ကုလသမဂ္ဂက ပြောကြားသည်။ ထို့ပြင် ဂါဇာဒေသ၌ ၂၅ နှစ်အတွင်း ပထမဆုံး ပိုလီယိုရောဂါ ဖြစ်ပွားကြောင်း ကျန်းမာရေးအရာရှိများက အတည်ပြုခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂါဇာဒေသ၌ ထိန်းသိမ်းခံထားရသည့် ဓားစာခံတစ်ဦးကို အစ္စရေးတပ်ဖွဲ့ ကယ်ဆယ်

**ဂျေရုဆလင် ဩဂုတ် ၂၈**

ဂါဇာဒေသတွင် ဟားမတ်စ်အဖွဲ့၏ ၁၀ လကျော်ကြာ ထိန်းသိမ်းခံထားရသည့် ဓားစာခံတစ်ဦးကို အစ္စရေးတပ်ဖွဲ့ကကယ်ဆယ်နိုင်ခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

အသက် ၅၂ နှစ်အရွယ်ရှိ ဓားစာခံ ကွဒ်ဖာဟန်အယ်လ်ကာဒီအား အစ္စရေးတပ်ဖွဲ့ဝင်များက ဟားမတ်စ်အဖွဲ့၏ လိုဏ်ခေါင်းအတွင်းမှ တွေ့ရှိကယ်ဆယ်ခဲ့ကြောင်း ကာကွယ်ရေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ ၎င်းပြန်လည်လွတ်မြောက်လာမှုအပေါ် မိသားစုဝင်များက ဝမ်းမြောက်ကြောင်း ပြောကြားသည်။

၎င်းသည် ဟားမတ်စ်အဖွဲ့၏ ထိန်းသိမ်းခံခဲ့ရသည့် ကာလအတွင်း နေ၏အလင်းရောင်ကို မတွေ့မြင်ခဲ့ရကြောင်း နယူးယောက်တိုင်းမ် သတင်းစာက ပြောကြားသည်။

မိမိတို့သည် ဓားစာခံများ ပြန်လည်လွတ်မြောက်ရေးအတွက် စေ့စပ်ညှိနှိုင်းမှုနှင့် ဓားစာခံ ပြန်လည် လွတ်မြောက်ရေးဆိုင်ရာ စစ်ဆင်ရေးများကို ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။ အစ္စရေးနှင့် ဟားမတ်စ်တို့အဖွဲ့အကြား တိုက်ခိုက်မှုများအတွင်း ဂါဇာဒေသတွင် ယမန်နေ့က ၂၁ ဦး သေဆုံးကြောင်း ပါလက်စတိုင်းမီဒီယာများက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# ဆော်ဒီအာရေဗျနိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာထိပ်သီးဆွေးနွေးပွဲ ကျင်းပမည်

**ရီယာဒ် ဩဂုတ် ၂၈**

ဆော်ဒီအာရေဗျနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာကဏ္ဍတွင် ဦးဆောင်သူဖြစ်လာစေရေးနှင့် ဉာဏ်ရည်တုနည်းပညာကို အသုံးချ၍ ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်ပြီး ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ယနေ့တွင် ပြောကြားသည်။

ယခုကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲတွင် ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြသယ်ယူပို့ဆောင်ရေး၊ မြို့ပြဒီဇိုင်းပုံစံ ထုတ်လုပ်ခြင်း၊ အရင်းအမြစ်များ စီမံခန့်ခွဲခြင်းနှင့် စိတ်ကျန်းမာရေးကဏ္ဍများတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍများကို ဆွေးနွေးမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံများ၏ အုပ်ချုပ်ရေးစနစ်များတွင် ဉာဏ်ရည်တုနည်းပညာ၏ အခန်းကဏ္ဍကိုလည်း ထည့်သွင်းဆွေးနွေးမည်ဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာ၏ စွမ်းဆောင်ရည်များအရ လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုရေးဆောင်ရွက်မည်ဟု ဆော်ဒီနိုင်ငံ ဒေတာ အချက်အလက်နှင့် ဉာဏ်ရည်တုနည်းပညာ အာဏာပိုင်အဖွဲ့အကြီးအကဲ အဗ္ဗဒူလာ ဗင်ရှာရက် အယ်လ်ဂါဒီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၂၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ရန်ကုန်မှ မန္တလေးသို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၇၉၁၆၅ ကျပ်)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၃၀၇၉၁၆၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၆ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့နယ်အတွင်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ၁၀ မျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၆၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၆၁၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အမိုနီယမ်နိုက်ထရိတ် ၈၇၆၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၇၆၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် သုညဒသမ ၈၈၅ တန်၊ သစ်မာ ၁ ဒသမ ၅၈၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၈၁၇၆ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၂၇ ရက်တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဆင်ပေါင်ဝဲမြို့နယ်နှင့် မင်းတုန်းမြို့နယ်တို့၌ လိုင်စင်မဲ့ ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မင်းတုန်းမြို့နယ်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၅၂ တန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၅၆၆ ကျပ်)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၈၀၅၆၆ ကျပ်ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။




ရှမ်းပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဩဂုတ် ၂၈ ရက်တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားအုန်းဆီဘူး ၁၀၀၀ အပါအဝင် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၃၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ကော့ကရိတ်မြို့နယ် နွားခြံကုန်းကျေးရွာအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Deestone ဆိုင်ကယ်တာယာ အလုံး ၅၀၀ အပါအဝင် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၃၃၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၁၆၁၇၉၀၇ ကျပ်)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# သရက်ထောင်တွင် အကျဉ်းသားများကို တိုက်ပိတ်၍ ငွေခြိမ်းခြောက်တောင်းပြီး မူးယစ်ဆေးဝါး ရောင်းချနေဟု မဟုတ်မမှန် လုပ်ကြံရေးသား

နေပြည်တော် ဩဂုတ် ၂၈

သရက်ထောင်တွင် အကျဉ်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးက အကျဉ်းသားများကို တိုက်ပိတ်၍ ငွေခြိမ်းခြောက်တောင်းပြီး မူးယစ်ဆေးဝါး ရောင်းချနေဟု Khit Thit အမည်ခံ Facebook Page က ဩဂုတ် ၂၂ ရက်တွင်မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ သရက်အကျဉ်းထောင် တာဝန်ခံအရာရှိသည် အကျဉ်းထောင် ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်အကျဉ်းသားကိုမျှ မတရားရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ငွေကြေးတောင်းခံခြင်း မပြုလုပ်ရန် မှာကြား ပြောဆိုကြပ်မတ်လျက်ရှိပြီး အကျဉ်းထောင်အတွင်းသို့ မူးယစ်ဆေးဝါး၊ တယ်လီဖုန်းစသည့် တားမြစ်ပိတ်ပင်ပစ္စည်းများဝင်ရောက်မှုမရှိရေးအတွက် နေ့စဉ်သာမန် ရှာဖွေခြင်း၊ အထူးရှာဖွေခြင်းများကို ဝန်ထမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် အထူးရှာဖွေခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အကျဉ်းထောင်အတွင်း၌ တားမြစ်ပစ္စည်းများ ရှာဖွေသိမ်းဆည်းရမိပါက တည်ဆဲဥပဒေနှင့်အညီအမှုဖွင့်လှစ်၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

အကျဉ်းထောင်မှ ချုပ်သစ်၊ ကျသစ်များ လက်ခံရရှိသည်နှင့် တိုက်ခန်းတွင် Quarantine ၁၄ ရက် သီးခြားထိန်းသိမ်းထားရှိပြီး သတ်မှတ်ကာလပြည့်သူများကို တာဝန်ခံအရာရှိ၏ ကြီးကြပ်မှုဖြင့် အိပ်ဆောင်များသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိပြီး ချုပ်သစ်၊ ကျသစ်များကို တိုက်ပိတ်ပြီး ခြိမ်းခြောက်၍ ငွေတောင်းခြင်းမရှိဘဲ ငွေတောင်းခံကြောင်း စစ်ဆေးပေါ်ပေါက်ပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်သည်ကို ဝန်ထမ်း၊ အကျဉ်းသားနှင့် ၎င်းတို့၏ မိသားစုများကိုလည်း အသိပေးထားပြီးဖြစ်ကြောင်း။

အကျဉ်းသားအရာရှိ၊ အလုပ်ကြပ် အကျဉ်းသားနှင့် ညကင်းစောင့် အကျဉ်းသားများကို အကျဉ်းထောင် လက်စွဲဥပဒေနှင့်အညီ ခန့်အပ်တာဝန်ပေးအပ်၍ ဝန်ထမ်းများက အနီးကပ်ကြပ်မတ်ကွပ်ကဲ စေလျက်ရှိပြီး အကျဉ်းသားများအား လက်သပ်မွေးခြင်းမျိုး မရှိကြောင်း၊ အကျဉ်းထောင်တိုင်းတွင် ပင်ပန်းသည့် အလုပ်မရှိဘဲ အကျဉ်းသားအများစုကို ၎င်းတို့၏ အိပ်ဆောင်၊ အခန်းနှင့် အိပ်ဆောင်ပတ်ဝန်းကျင် သန့်ရှင်းရေးကိုသာ တာဝန်ပေးအပ်စေခိုင်းပြီး မတန်တဆအလုပ်ကြမ်းခိုင်းစေခြင်းမျိုးမရှိကြောင်း။

Khit Thit အမည်ခံ Facebook Page က ဖော်ပြခဲ့သည့် လက်ထောက်ကြီးကြပ် ရေးမှူး (၁) ကျော်ဇေယျာစိုးသည် မည်သည့်အကျဉ်းသား အချုပ်သားကိုမျှ အကြောင်းမဲ့ တိုက်ပိတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ မတရားရိုက်နှက်ခြင်း၊ ငွေကြေး တောင်းခံခြင်းမျိုးမရှိဘဲ မူးယစ်ဆေးဝါး ရောင်းချခြင်းလည်းမရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူထံမှ သိရသည်။

သရက်အကျဉ်းထောင်တွင် အကျဉ်းထောင်၏လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အကျဉ်းထောင်အက်ဥပဒေ၊ လက်စွဲဥပဒေများနှင့် အညီ အထူးအလေးထားဆောင်ရွက်လျက်ရှိသည့်အတွက် Khit Thit အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

ကိုဖြိုး

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၉-၈-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | ပုဂံနှင့်ယွန်းထည် |
| ၀၉:၁၅ | NRC အစီအစဉ်(ဗမာ) |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၄၀ | NEXT LEVEL |
| ၁၂:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၁၄) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲကငွေရည်စိမ်မှတ်တမ်း' (အပိုင်း-၁၁) |
| ၁၅:၁၅ | နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ စစ်မှုထမ်းဆောင်ကြပါစို့ (Video Clip) |
| ၁၆:၄၅ | ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု |
| ၁၇:၀၅ | Soccer View |
| ၁၇:၂၅ | လူမှုစီးပွားသတင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၉:၁၅ | မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့ကတိုးကွက်' (အပိုင်း-၆) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟန်ဆောင်ကမ္ဘာထဲကငွေရည်စိမ်မှတ်တမ်း' (အပိုင်း-၁၂) |
| ၂၂:၀၅ | မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၅) |

**mitv**

| | |
|---|---|
| 07:02 | Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei) |
| 07:09 | From Bamboo Strip to Sublime Buddha |
| 07:33 | Tour Around in Myeik Archipelago (Epi-3) Taung Pan Gyi and Lay Islands |
| 07:46 | Myanmar Masterclass: Artist Zay Yar Aye |
| 08:01 | News |
| 08:27 | Topical Science Topics: Beauty of Marine Life |
| 08:50 | People's Military Service Law 4 |
| 09:01 | Dances of Myanmar: Rvwang Azulam Dance |
| 09:05 | The Promising Aquarium Fish Farming in Myanmar |
| 09:33 | Alms Bowl |
| 09:52 | K- Pop Live Show (Whistle) Boy Group |
| 10:01 | News |

**MRTV NRC**

ဝ (၀၆:၀၀ မှ ၀၈:၀၀)
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့ (အပိုင်း-၁)
ကချင် (၀၈:၀၀ မှ ၁၀:၀၀)
ကချင်ဒံပေါက်လုပ်စားကြမယ်
ကယား (၁၀:၀၀ မှ ၁၂:၀၀)
ထူးဆန်းငွေရှာ ဝေလေ့ရိုးရာ (တံခွန်တိုင်ပွဲတော်)
ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)
တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ
အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၂၁)
အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)
စာပေစကားပြောကြရအောင် (အပိုင်း-၅)
ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)
တောင်ကြာပန်းများ ပျော်စံရာဇိန်မွှေတောင်
ချင်း (ချိုး) (၁၆:၀၀ မှ ၁၇:၀၀)
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၁)
မွန် (၁၇:၀၀ မှ ၁၉:၀၀)
ရာမညမြေမှ အလှတရားများ (အပိုင်း-၁)
ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
ပြိုးပဒေသာ (မောင်သာလှနှင့် လည်လွှန်းတဲ့ဘီး)
ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)
ရှမ်းအိုးစည်(ရှမ်း)

**MRTV NEWS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၈:၄၅ | ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင် |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်စာမသင်' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၀) |
| ၁၈:၀၀ | ELECTION PGM-01 |

**MRTV FARMERS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၅ | တောင်သူ့မြေမှရေအနည်းလို(ဂ)စပါးမျိုး၏ သတင်းစကား |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ |
| ၀၇:၁၅ | 'ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်' နေကြာအထွက်တိုးဖို့ ပျားမွေးမြူကြပါစို့ |
| ၁၈:၀၀ | Barbie (နိုင်ငံခြားဇာတ်လမ်း) |
| ၂၂:၀၀ | Planet 1 |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက် လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Soccer Preview |
| ၁၇:၀၀ | အားကစားသတင်း |
| ၁၈:၀၀ | E Sports |

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ ညနေ (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# လှည်းကူးမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ရှမ်းရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ရွှေဇေယျကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**ရောဂါရှာဖွေစစ်ဆေး**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၆၆ ဦးတို့ကို သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်နေမှုများကို အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၂၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Haymar Hnin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်နေ ဟေမာနှင်းအား မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “@aungkoo05775” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ လှိုင်သာယာမြို့နယ်နေ အောင်ကိုဦးအား ည ၉ နာရီတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ ပန်းချီပြိုင်ပွဲနှင့် နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ

**မရမ်းကုန်း ဩဂုတ် ၂၈**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ပူးပေါင်းကျင်းပသော “ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် သတိပြုကာကွယ်တို့လူငယ်” ခေါင်းစဉ်ဖြင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ပန်းချီပြိုင်ပွဲတွင် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

**အသိပညာပေးဟောပြော**

ဆက်လက်၍ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲနောင်ချစ်က ပန်းချီပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာမြေလတ်ထင်ကျော်မိုးက ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး ပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ကျော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူများသည် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသည့် ဆေးလိပ်ဆေးရွက်ကြီးနှင့်ပတ်သက်သည့် အသိပညာပေးပိုစတာများ၊ သုတ/ရသစာအုပ်များကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လက်ပံတန်းမြို့နယ် ရေငံကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် ဩဂုတ် ၂၈**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ရေငံကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို ဩဂုတ် ၂၇ ရက် ညပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၇ ရက်က ရေငံကျေးရွာအနီးတွင် PDF အမည်ခံအကြမ်းဖက်သမားများရောက်ရှိနေပြီး အင်အားစုဖွဲ့လျက်ရှိကြောင်း ဒေသခံကျေးရွာသားများ၏ လျှို့ဝှက်သတင်းပေးပို့မှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ၎င်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချခြင်း စသည့်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည့် သတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ **Asean Cup 2024 မှ**

လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ခြေစစ်ပွဲအောင်အသင်း၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ခြေစစ်ပွဲအဖြစ် တီမောနှင့် ဘရူနိုင်းအသင်းတို့ အောက်တိုဘာလတွင် နှစ်ကျော့စနစ်ဖြင့် ကစားမည်ဖြစ်ပြီး အနိုင်ရသည့်အသင်းမှာ နောက်ဆုံးအဆင့် တက်လှမ်းခွင့်ရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၈ ရက်မှ ၂၁ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဒီဇင်ဘာ ၂၆ ရက်နှင့် ၂၇ ရက်၊ ဒုတိယအကျော့ကို ဒီဇင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်၊ ဗိုလ်လုပွဲ ပထမအကျော့ကို ဇန်နဝါရီ ၂ ရက်၊ ဒုတိယအကျော့ကို ဇန်နဝါရီ ၅ ရက်တွင် ပြုလုပ်မည်ဖြစ်သည်။

**ပြန်လည်ခန့်အပ်**

မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် အဝေးကွင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် လာအိုအသင်းနှင့် အိမ်ကွင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ဗီယက်နမ်အသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ယခင်နည်းပြချုပ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာနှင့် လမ်းခွဲထားသဖြင့် နည်းပြချုပ်သစ် ပြန်လည်ခန့်အပ်ရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**

❂ **MNL ယူ-၂၀ မှ**

အကောင်းဆုံးဆုကို မဟာယူနိုက်တက်အသင်း ကွင်းလယ်ကစားသမား အောင်ခန့်ဖြိုးက ရရှိသည်။ စလင်းကွင်း၌ကျင်းပသည့်ပွဲတွင် Junior Lions အသင်းက မြဝတီအသင်းကို နှစ်ဂိုးပြတ်အနိုင်ရခဲ့သည်။ ထိပ်ဆုံးမှ ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲကြုံတွေ့မှုကို Junior Lions အသင်း အပြည့်အဝ အသုံးချပြီး နှစ်မှတ်အကွာဖြင့် ဆက်လက်ဖိအားပေးလျက်ရှိသည်။ Junior Lions အသင်းအတွက် အနိုင်ဂိုးများကို ၁၉ မိနစ်တွင် ခွန်မောင်လုံးနှင့် ၂၅ မိနစ်တွင် စိုင်းစွမ်းစိုင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Junior Lions အသင်းမှ ခွန်မောင်လုံးက ရရှိသည်။

ပွဲစဉ်(၁၃) နောက်ဆုံးပွဲကို ဩဂုတ် ၂၉ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗဟန်းမြက်ခင်းတုကွင်း၌ Dagon Port အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် အမျိုးသားအားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဝူရှူးအားကစားသမားများလေ့ကျင့်နေမှု ကြည့်ရှုအားပေး

တောင်ကြီး ဩဂုတ် ၂၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရှမ်းပြည်နယ်ကိုယ်စားပြုအဖြစ် ဝူရှူးအားကစားနည်း အတန်းလိုက် ပါဝင်ယှဉ်ပြိုင်နိုင်ရန် လူရွေးချယ်နိုင်ရေးအတွက် ပြည်နယ်အားကစားလေ့ကျင့်ရုံ၌ လေ့ကျင့်နေမှုကို ဩဂုတ် ၂၇ ရက် နံနက် ၉နာရီခွဲက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။



ထိုသို့ ကြည့်ရှုအားပေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က အမျိုးသားအားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းအလိုက် ပြည်နယ်ဂုဏ်ဆောင်နိုင်ရေးနှင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အောင်မြင်မှုရရှိရေး ကြိုးတင်ပြင်ဆင်လေ့ကျင့်ပြီး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်အားကစားကွင်း၌ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ရှမ်းပြည်နယ်ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်လျက်ရှိသည့် ဘောလုံးနည်းပြ DC လိုင်စင်သင်တန်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နည်းပြတစ်ဦး၏ သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရှမ်းပြည်နယ်ကိုယ်စားပြုအဖြစ် အားကစားနည်း ၂၃ မျိုးဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ရေး လေ့ကျင့်လျက်ရှိပြီး အားကစားနည်းအလိုက် လူရွေးချယ်နိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိရာ လူရွေးချယ်ပြီးပါက အောက်တိုဘာလတွင်စခန်းသွင်း ဆက်လက်လေ့ကျင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်အသင်း အောင်မြင်မှုရရှိစေရေးအတွက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကော်မတီဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့သင်တန်း အမှတ်စဉ်(၃)မှ သင်တန်းသား သင်တန်းသူများ Vintage Luxury Yacht သင်္ဘော(ရေပေါ်ဟိုတယ်)ပေါ်သို့ လေ့လာရေးခရီးသွားရောက်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံပင် လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ ချုပ်ကကြီးမှူး၍ အပျော်စီးသင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်ကြမည့်



သင်္ဘောသားများအတွက် လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ အခမဲ့သင်တန်း အမှတ်စဉ်(၃)သို့ တက်ရောက်သင်ကြားလျက်ရှိသည့် သင်တန်းသား သင်တန်းသူ ၃၉ ဦးတို့သည် ဩဂုတ် ၂၆ ရက် နံနက်ပိုင်းက ဗိုလ်တထောင်မြို့နယ်ရှိ Vintage Luxury Yacht သင်္ဘော(ရေပေါ်ဟိုတယ်)ပေါ်သို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။

### ကြည့်ရှုလေ့လာ

သင်တန်းသား သင်တန်းသူများက ရေပေါ်ဟိုတယ်တွင်ဖွဲ့စည်းထားသည့် စားသောက်ခန်းနှင့် ချက်ပြုတ်ခန်းမများ၊ ညှော်ခန်းများ၊ နားနေခန်းများ၊ တည်းခိုခန်းများကို ကြည့်ရှုလေ့လာကြသည်။

Vintage Luxury Yacht သင်္ဘော(ရေပေါ်ဟိုတယ်)သည် ၁၉၉၆ ခုနှစ်ကတည်ဆောက်ပြီး အတွင်းခန်းတွင် ပထမကမ္ဘာစစ်ကာလက သုံးစွဲခဲ့သည့် ရှေးဟောင်းပရိဘောဂများ၊ အသုံးအဆောင်ပစ္စည်းများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

မျိုးမင်းသူရ

■ ချန်ပီယံဟောင်းမှ

ရှာဖွေနေသူလည်း ဖြစ်ပါတယ်။ ရာဒူကာနူဟာ ၂၀၂၂ ခုနှစ်အတွင်းကလည်း အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပထမအဆင့်နဲ့ပဲ ပြိုင်ပွဲကနေ ထွက်ခဲ့ရတဲ့အပြင် ပြီးခဲ့တဲ့နှစ်ကလည်း လက်ကောက်ဝတ်နဲ့ ခြေချင်းဝတ်ခွဲစိတ်မှုပြုလုပ်ခဲ့ရလို့ လွဲချော်ခဲ့တာဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ် ရာဒူကာနူဟာ ဂရန်းဆလမ်းချန်ပီယံ ဆိုဖီယာကီနင်ကို ရှုံးနိမ့်ခဲ့ပြီးနောက်ပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲမှာ မျက်ရည်ပင်ကျခဲ့ပြီး ပြိုင်ပွဲတွေအများကြီး ကစားသွားရမှာမို့ ဆက်လက်ကြိုးစားသွားမှာဖြစ်တယ်လို့လည်း ပြောကြားခဲ့ပါတယ်။

ငွေကြယ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၈၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၅၈၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာ ပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

နေပြည်တော် ဩဂုတ် ၂၈

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **"လှပသာယာပြည်မြန်မာ"** ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်း ရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပါသည်။ ပြိုင်ပွဲဝင်ဓာတ်ပုံ အရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစား တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကို တစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒစ်ဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ ဝက်ဘ်ဆိုက်များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ ဝက်ဘ်ဆိုက်များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏ အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏ နောက်ကျော၌ သီးခြားစက္ကူဖြင့် ရေးကပ်၍ ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၃၁-၁၀-၂၀၂၄ ရက်နေ့ ညနေ ၄ နာရီ နောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၇၁၃၄၂၊ ၀၁-၈၃၈၄၈၀၃ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။

သတင်းစဉ်

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# နေပြည်တော်နည်းပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင်ကြည့်ရှုလေ့လာ



နေပြည်တော် ဩဂုတ် ၂၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နေပြည်တော်နည်းပညာတက္ကသိုလ် ကွန်ပျူတာ အင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာဌာနမှ ပထမနှစ်နှင့် ဒုတိယနှစ် သင်တန်းမှ ကျောင်းသား ကျောင်းသူ ၂၉ ဦးနှင့် ကြီးကြပ်သူဆရာမ ခုနစ်ဦး စုစုပေါင်း ၃၆ ဦးတို့သည် ယနေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုလေ့လာကြသည်။

ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Auditorium ခန်းမတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူက အမှာစကားပြောကြားပြီး "နှစ်ပျိုဆန်းသစ် (၇၈)နှစ်မှသည် ပြည်သူ့အတွက် MRTV" Video Clip အားပြသသည်။ ထို့နောက် လေ့လာရေးအဖွဲ့များသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှိ Convergence News Room, MRTV HD, MRTV News သတင်းထုတ်လွှင့်ခန်းများနှင့် သတင်း Studio များတွင် လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ လေ့လာရေးအဖွဲ့များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားစိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်မှုများတွင် အသုံးပြုခဲ့သည့် စက်ပစ္စည်းများ၊ တိုက်ရိုက်ထုတ်လွှင့်ရေး မော်တော်ယာဉ်များ၊ သတင်းတင်ဆက်မှုပုံစံငယ်များ၊ ခေတ်အဆက်ဆက် ထုတ်လွှင့်တင်ဆက်ခဲ့သည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၏ မှတ်တမ်းဓာတ်ပုံများ၊ တူရိယာပစ္စည်းများ၊ သတင်းစာတူဒီယိုခန်းများ၊ ရေဒီယိုအစီအစဉ်တွင် အသုံးပြုခဲ့သည့် ခေတ်ဟောင်းဓာတ်ပြားများနှင့် အခြားအသုံးအဆောင်ပစ္စည်းများ စသည့် စုစုပေါင်းပြခန်း ၄၀ တွင် ခင်းကျင်းပြသထားရှိမှုများအပေါ် သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခြင်း၊ ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာအဖြေလွှာများ၌ ကျောင်းသား ကျောင်းသူများ၏ ဖြည့်စွက်မှုများအားစိစစ်၍ ပြည့်စုံစွာ ဖြေဆိုသူ သုံးဦးအား အမှတ်တရလက်ဆောင်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အဆိုပါ လေ့လာရေးအဖွဲ့များသည် မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်းသိရသည်။ **သတင်းစဉ်**

## သံလွင်မြစ်နှင့် စစ်တောင်းမြစ်တို့ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၈

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေကျော် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်၊ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## "အလွမ်းဝက်ပါ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၂၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဩဂုတ် ၃၀ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် "အလွမ်းဝက်ပါ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို Banner Music Band ၏တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင်များဖြစ်ကြသည့် အစွတီ၊ ဆိုတေး၊ D ဖြိုး၊ စစ်သွေး၊ ရှင်နန်းနှင့် ပြုံးအသချေတို့က တကယ်တော့ ကိုယ့်တစ်ယောက်တည်း၊ တိတ်တိတ်လေးကြေကွဲ၊ မေ့ထားလိုက်တော့၊ ရင်ခုန်လိုက်တိုင်း၊ ရင်မှာအရင်အတိုင်း စသည့် ရင်တွင်းဖြစ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည် ဖြစ်သည့်အပြင် စက်တင်ဘာ ၁ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဩဂုတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့၌ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၂-၉-၂၀၂၄ ရက်မှ ၁၁-၁၀-၂၀၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ မြေနီကုန်းစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘုတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချိုတိုးချဲ့၊ အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

## ထီးလင်းမြို့နယ်၌ မိုးမြေပဲသီးနှံများ လှိုင်လှိုင်တူးဖော်၍ အရောင်းအဝယ်ဖြစ်

ထီးလင်း ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်၌ မိုးမြေပဲနှင့် ဆောင်းမြေပဲစိုက်ဧက တစ်သောင်းခန့် နှစ်စဉ်စိုက်ပျိုးကြောင်း၊ ရေ၊ မြေ၊ ရာသီဥတုကောင်းမွန်သည့်အတွက် ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံမြေပဲကို အဓိကထား၍ နှစ်စဉ်စိုက်ပျိုးကြကြောင်း သိရသည်။



ထီးလင်းမြို့နယ်အတွင်းရှိ ဝက်သက်၊ လုံးပေါင်၊ လက်ပံ၊ ဒေါသာ၊ သရခါ၊ အနောက်ဘက်၊ မြောက်ဘက်၊ ထလင်း စသည့် ကျေးရွာများ၌ ပင်ထောင်အတောင့်သေးမျိုးများကို စိုက်ဧက ၅၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း၊ မြေပဲသီးနှံကို မေလတွင် စတင်စိုက်ပျိုး၍ ဩဂုတ်လတွင် လှိုင်လှိုင်တူးဖော်ကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျပြီး တစ်ဧကပျမ်းမျှ အထွက် ၅၅ တင်းခန့်ထွက်ရှိကြောင်း၊ ယခုနှစ်တွင် စိုက်ပျိုးချိန်မှ တူးဖော်ချိန်အထိ ရာသီဥတုကောင်းမွန်သည့်အတွက် မြေပဲအထွက်နှုန်းကောင်းမွန်ကြောင်း၊ ဩဂုတ်လ စတုတ္ထပတ်တွင် ဒေသပေါက်ဈေးအနေဖြင့် သီးနှံအရည်အသွေးပေါ်မူတည်၍ မြေပဲတောင့် တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀-၄၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၄၀၀၀၀၀ ခန့်ရရှိကြောင်း၊ ထီးလင်းမြို့နယ်အတွင်းမှ ထွက်ရှိသော မြေပဲများကို ဒေသခံဝယ်လက်(ပွဲစား)များမှ ဝယ်ယူ၍ ပခုက္ကူဈေးကွက်သို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

## မင်းဘူးမြို့နယ်၌ ခရမ်းချဉ်သီးဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ

မင်းဘူး ဩဂုတ် ၂၈



မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ပေါက်ပင်တွင်း၊ ရေမျက်နှင့်ကျောက်တန်း ကျေးရွာများတွင် ခရမ်းချဉ်သီးနှံကို အဓိကစိုက်ပျိုးလျက်ရှိပြီး ယခုနှစ်တွင် ဧက ၁၂၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မျိုးအနေဖြင့်LORA -909 (သီးစို)ခရမ်းချဉ်သီးမျိုးကို တစ်ထုပ်လျှင် ငွေကျပ် ၁၉၅၀၀ နှုန်းဖြင့် ဝယ်ယူ၍ တစ်ဧကလျှင် မျိုးထုပ် ၅-၆ ထုပ်ခန့်စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် မျိုးစေ့များကို ပျိုးအိတ်ဖြင့်ပျိုးကာ ပျိုးပင် ၁၅ ရက်သားအရွယ်တွင် မြေချ၍ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးကြောင်း၊ ဇွန်လတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၀၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခရမ်းချဉ်သီး ပိဿာချိန် ၃၂၀၀-၃၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် ဩဂုတ်လ စတုတ္ထပတ်တွင် ခရမ်းချဉ်သီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀-၂၀၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကအကျိုးအမြတ်အနေဖြင့် ငွေကျပ် ၄၀၀၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် မင်းဘူးမြို့တို့သို့ တင်ပို့ရောင်းချကြပြီး မိုးရွာသွန်းမှုများပြားခြင်းကြောင့် ယခုနှစ်တွင် ခရမ်းချဉ်သီးအထွက်နှုန်းလျော့နည်းသော်လည်း ခရမ်းချဉ်သီးထွက်ပေါ်ချိန်တွင် ဈေးနှုန်းကောင်းမွန်မှုကြောင့် အကျိုးအမြတ်များစွာရရှိကြောင်း သိရသည်။

## မကွေးတိုင်းဒေသကြီး၌ ဖရဲစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်များစွာရရှိ

မကွေး ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကမ်းရင်ကျေးရွာ၌ ဖရဲသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး မိုးရေသောက်စနစ်နှင့် မြေအောက်ရေသွင်းစနစ်ဟူ၍ တစ်နှစ်လျှင် နှစ်ကြိမ်စိုက်ပျိုးကြကြောင်း၊ ဖရဲသီးနှံကို ယခင်နှစ်က ဧက ၇၀ ခန့် စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၁၀၀ ကျော် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မျိုးအနေဖြင့် ဖရဲ-855 အလုံးကြီးမျိုးစေ့ တစ်ထုပ်လျှင် ငွေကျပ် ၃၆၀၀၀-၄၂၀၀၀ နှင့် ဘာဟူဘာလီ (ဒုံးကျည်) မျိုးစေ့ တစ်ထုပ်လျှင် ငွေကျပ် ၃၂၀၀၀-၃၅၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် မြေပြုပြင်၍ တန်းကြား ငါးပေ၊ ကျင်းကြား သုံးပေခြားပြီး စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် ဖရဲ-855 မျိုးစေ့ ၄ ထုပ်ခန့်နှင့် ဘာဟူဘာလီ (ဒုံးကျည်) မျိုးစေ့ ငါးထုပ်ခန့် စိုက်ပျိုးရကြောင်း၊ ဖရဲသီးနှံကို မိုးရေသောက်စနစ်ဖြင့် မေလကုန်တွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် ခူးဆွတ်ရောင်းချရကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ၊ ထွန်ယက်ခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀၀ ကျော်ကုန်ကျကြောင်း၊ အထွက်နှုန်းမှာ ဖရဲ-855 မျိုး တစ်ဧကလျှင် အလုံးရေ ၁၀၀၀ ခန့်နှင့် ဘာဟူဘာလီ(ဒုံးကျည်) မျိုး တစ်ဧကလျှင် အလုံးရေ ၁၃၀၀-၁၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဩဂုတ်လ စတုတ္ထပတ်တွင် ဖရဲသီး အလုံးအကြီးအသေးအပေါ်မူတည်၍ လက်ကားဈေး ဖရဲ-855 (အကြီး) တစ်လုံးလျှင် ငွေကျပ် ၂၇၀၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၂၅၀၀ ဖြင့်လည်းကောင်း၊ ဘာဟူဘာလီ(ဒုံးကျည်) (အကြီး)တစ်လုံးလျှင် ငွေကျပ် ၁၈၀၀၊ အသေးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း ရောင်းချရပြီး ဖရဲစိုက်တောင်သူများအနေဖြင့် ဖရဲ-855 မျိုး တစ်ဧကလျှင် ငွေကျပ် ၂၀၀၀၀၀၀ ခန့်၊ ဘာဟူဘာလီ (ဒုံးကျည်) မျိုး တစ်ဧကလျှင် ငွေကျပ် ၂၂၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေး၊ မင်းဘူး၊ စကု၊ ရေနံချောင်းမြို့တို့အပြင် ရန်ကုန်မြို့သို့လည်း တင်ပို့ရောင်းချကြောင်း၊ ဖရဲသီးနှံ စိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များ ပိုမိုရရှိသောကြောင့် နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းရင်းမြစ်- စီးပွား/ကူးသန်း**

## မအူပင်မြို့ ငါးရှဉ့် ဈေးနှုန်းဈေးကွက်

မအူပင် ဩဂုတ် ၂၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ကျေးရွာအုပ်စု ၇၆ အုပ်စုရှိသည့်အနက် ရေလဲ၊ ရွှေတောင်မော်၊ စစ်ချောင်း၊ နတ်စဉ်၊ ငါးဖားအိုင်စသည့် ကျေးရွာအုပ်စုများသည် ချောင်း၊ မြောင်း၊ အင်းအိုင်နှင့် ကွင်းရေများပေါများသည့်အတွက် ငါးရှဉ့်များ ဖမ်းယူရရှိပြီး မအူပင်မြို့ ငါးရှဉ့်ရောင်းဝယ်ရေးဒိုင်သို့ တစ်နှစ်ပတ်လုံးဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဆောင်းတွင်းကာလနှင့် မိုးတွင်းကာလများတွင် ငါးရှဉ့်ဝင်ရောက်မှုပိုမိုများပြားပြီး တန်ခူးလနှင့် ကဆုန်လတို့တွင် ငါးရှဉ့်ဝင်ရောက်မှုနည်းပါးသော်လည်း အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

မအူပင်မြို့ ငါးရှဉ့်ရောင်းဝယ်ရေးဒိုင်သို့ တစ်ရက်လျှင် အနည်းဆုံး ပိဿာချိန် ၅၀ မှ အများဆုံး ပိဿာချိန် ၂၀၀ အထိ ဝင်ရောက်၍ တစ်လလျှင် ပိဿာချိန် ၆၀၀၀ ခန့် ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခင်နှစ်များက ငါးရှဉ့်ကို အကောင်အကြီးအသေးအပေါ်မူတည်၍ ဝယ်ယူပြီး ယခုနှစ်တွင် အကောင်အကြီးအသေးခွဲခြားမှုမရှိဘဲ ဩဂုတ်လ တတိယပတ်တွင် ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀-၁၅၀၀၀ ဖြင့်ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ ငါးရှဉ့်တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ နှုန်းဖြင့် တင်ပို့ရောင်းချကြောင်း သိရသည်။

### ၂၈-၈-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရေတပ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၇၅၀၀ | ၁၆၀၀၀ | ၁၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၀၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၂၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၆၉၅၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၇၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၆၈၉၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၁၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၆၉၇၀ | ၁၅၀၀၀ | ၃၄၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၇၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၂၁၀၀၀ | ၆၇၇၅ | ၁၀၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၁၀၀ | ၆၀၀၀ | ၂၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၂၀၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၈၅၀၀ | ၇၃၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၃၆၅ | ၁၂၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၃၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၃၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၉၀၀၀ | ၇၃၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၆၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၃၀၀ | ၅၀၅၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၈၅၀၀ | ၇၂၀၀ | ၁၀၅၀၀ | ၂၄၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၉၀၀၀ | ၇၂၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၀၀၀ | ၈၅၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၉၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၂၃၅ | ၁၁၅၀၀ | ၂၆၀၀ | ၁၃၈၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၅၈၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၂၄၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၅၀၀ | ၇၂၃၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၄၄၀၀ | ၂၁၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၄၀၀ | ၅၅၀၀ | ၁၂၆၀၀ | ၁၈၅၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၆၅၀၀ | ၁၄၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၉၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၁၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၆၀၀၀ |

# ညွှန့်သည်

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

(၂၅-၇-၂၀၂၄ ရက်နေ့မှအဆက်)

တစ်ကမ္ဘာ တစ်ကမ္ဘာဆိုတာကပင်လျှင် ဘယ်လောက်ကြာသလဲဆိုရင် နှစ်လရက်တွေ အနေနဲ့ ရေတွက်လို့မရနိုင်ပါဘူး။ ကာလတွေ အလွန်ရှည်လျားပြီး ကြာလှပါတယ်။

ဘုရားဖြစ်ဖို့ ပါရမီဖြည့်တာနဲ့ပတ်သက်ပြီး အချိန်ကာလကို သာမန်အားဖြင့် ကြာရှည်တဲ့အရေ အတွက်အားဖြင့် တွက်ပြပြီးပါပြီ။ အရေအတွက်ကို ပြောပြီးတော့ ပြုကျင့်ခဲ့၊ ဖြည့်ဆည်းခဲ့တဲ့ ပါရမီတွေ နဲ့ပတ်သက်ပြီး ပြောရရင် ပါရမီအမျိုးအစားအနေနဲ့ က ဆယ်မျိုးရှိပါတယ်။

ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာ ပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာန် ပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီလို့ ဆယ်မျိုးရှိတဲ့ ပါရမီတွေကို အဆင့်အတန်း သုံးမျိုးနဲ့ မြှောက်ရင် အပါးသုံးဆယ် ရှိလာပါတယ်။

အဆင့်အတန်း သုံးမျိုးဆိုတာက ပေးကမ်း လှူဒါန်းစွန့်ကြဲတဲ့ ဒါနပါရမီမှာဆိုရင် ဥစ္စာပစ္စည်း၊ ဇနီးမယား၊ သမီးသားတို့ကို စွန့်လှူခြင်း၊ ကိုယ်လက် အင်္ဂါတို့ကို စွန့်လှူခြင်း၊ အသက်ကိုစွန့်လှူခြင်းလို့ သုံးမျိုးကွဲပြားပါတယ်။ အဲဒီလို ဒါနပါရမီသုံးမျိုး ကွဲပြားသလို၊ အခြားအခြားသော သီလ စတဲ့ပါရမီ တွေလည်း အဆင့်အတန်းသုံးမျိုးစီ ကွဲပြားကြပါတယ်။

အဲဒီလို ပါရမီဆယ်ပါး အကွဲအပြား သုံးဆယ် ထဲက ဒါနပါရမီတစ်ခုကိုသာ ပြောရရင် ဘုရား အလောင်းတော်ရဲ့ အလှူတွေကို အာရုံပြုကြည့်တဲ့ အခါ ခန္ဓာကိုယ်တွေ စွန့်လှူခဲ့ရတာ၊ မျက်လုံးတော် တွေ ထုတ်လှူခဲ့ရတာ စတဲ့လှူဖွယ်ဝတ္ထုအမျိုးစုံ ဟာ မရေမတွက်နိုင်အောင် များလှပါတယ်။

ခန္ဓာကိုယ်တွေ လှူခဲ့တာကို စုပုံထားရင် မဟာ ပထဝီမြေကြီးထက်များပါတယ်။ မျက်လုံးတော် တွေ ထုတ်လှူခဲ့တာကို ရေတွက်ရင် ဟိုးအထက် ကောင်းကင် တန်ဆောင်မုန်းလပြည့်ညမှာ တွေ့ရ တဲ့ လဘောကဝန်းရံနေတဲ့ ကြယ်တာရာတွေ၊ နက္ခတ်တွေကမှ နည်းသေးတယ်။ မျက်လုံးပေါင်း များစွာ ထုတ်လှူခဲ့ရတာက များလှပါတယ်။

ပါရမီပြည့်ဖို့အတွက် ဘုရားအလောင်းတော် က အသွေးတွေ လှူလိုက်ရတာလည်း မဟာသမုဒ္ဒရာ လေးစင်းမှာရှိတဲ့ ရေတွေထက် များလှပါတယ်။ အသားတွေ လှူခဲ့ရတာလည်း မဟာပထဝီမြေကြီး ထက် များလှပါတယ်။

အဲဒီလောက်ထိ ပင်ပန်းဆင်းရဲခံပြီးတော့ ဘုရား ဖြစ်ဖို့၊ သဗ္ဗညုတဉာဏ်ရဖို့ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ရတာပါ။

ဘုရားရှင်ဟာ သုမေဓာရှင်ရသေ့ဘဝကတည်း က မိမိတစ်ဦးတည်း နိဗ္ဗာန်ကို စံဝင်ကြွမြန်းသွားလို ရင် တစ်ကိုယ်တည်း စံဝင်ကြွမြန်းသွားလို့ ရပါတယ်။ တစ်ကိုယ်တည်း နိဗ္ဗာန်ကို စံဝင်သွားတာလည်း ကောင်းပါတယ်။ ဒါပေမဲ့ အလောင်းတော်မြတ်ရဲ့ ပါရမီဓာတ်က တစ်ကိုယ်ကောင်းလုပ်ဖို့ ဆန္ဒမရှိပါ ဘူး။ တစ်ကိုယ်ကောင်း မဆန်ပါဘူး။ "နိဗ္ဗာန်တစ်ဖက် ကမ်းဆီ ငါတစ်ယောက်တည်း မကူးမြောက်လို ဘူး"တဲ့။

သံသရာရေယာဉ်ကြောမှာ မျောပါပြီး ဒုက္ခ ရောက်နေတဲ့ သတ္တဝါတွေကို စွမ်းနိုင်သမျှ ထုတ်ဆယ် ပြီး ကယ်တင်တော်မူလိုတဲ့ မဟာကရုဏာတော် မြတ်ကြီးနဲ့ အများအကျိုးသယ်ပိုးဖို့ ပါရမီတော် တွေကို ဖြည့်ကျင့်တော်မူခဲ့ပါတယ်။

ဘုရားရှင်အနေနဲ့ နိဗ္ဗာန်စံဝင်ဖို့ဆိုရင် သူတစ်ယောက်တည်းအတွက်ဆိုရင် သုမေဓာဘဝ မှာကတည်းက ကိစ္စပြီးပါတယ်။

စံဝင်လို့ရနိုင်တဲ့ သီလ သမာဓိ ပညာသတ္တိတွေ အပြည့်ရှိနေခဲ့ပါတယ်။ ။



**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ညွှန့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူ ဖော်ပြပါသည်။**

# ကထိန်သင်္ကန်းလှူကျိုး

ကျွန်တော်တို့သည် ကထိန်သင်္ကန်းလှူခွင့်ရ သည့် အချိန်ရောက်သောအခါ ထေရဝါဒဗုဒ္ဓသာသနာ တော် ပျံ့နှံ့တည်ရှိရာ ဒေသတိုင်းမှာလိုလိုပင် "ကထိန်ပွဲသဘင်"များကို ခြိမ့်ခြိမ့်သဲမျှ စည်ကားသိုက် မြိုက်စွာဆင်ယင်ကျင်းပတတ်ကြသည်။

ကထိန်သင်္ကန်းကို ကျွန်တော်တို့အနေဖြင့် လှူချင်၊ တန်းချင်သည့်အခါ ဘယ်အချိန်မှာမဆို ကောက်ကာငင်ကာ ဝယ်ယူလှူဒါန်းနိုင်သည်မဟုတ်။ ဗုဒ္ဓဘုရားရှင် ခွင့်ပြုတော်မူထားသည့် အချိန်ကာလ အတွင်း၌သာ လှူဒါန်းနိုင်ကြပေသည်။ ကထိန်သင်္ကန်း လှူဒါန်းခွင့်ရသည့်ခေတ်မှာ သီတင်းကျွတ်လပြည့် ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်းဖြစ်လေသည်။

ထိုတစ်လအတွင်း၌ ကထိန်သင်္ကန်းကို လူဒါယကာကဖြစ်စေ၊ ရဟန်းတော်များကဖြစ်စေ၊ မည်သူမဆို လှူဒါန်းနိုင်ပေသည်။ ကျွန်တော်တို့ လှူဒါန်းသည့် ကထိန်သင်္ကန်းကို အလှူခံပြီး ကထိန် ခင်းပြီးနောက် ရဟန်းသံဃာတော်တို့မှာ အကျိုး အာနိသင်ငါးပါးကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလလုံးလုံး ရရှိခံစားရပေသည်။ ထိုအကျိုးငါးပါးဟူသည်မှာ-

(၁) စာရိတ္တသိက္ခာပုဒ်အရပန်ကြား၍ သွားရမည် ဟူသော အာဏာစက်ကို ပယ်ဖျက်၍ မည်သူ့ကို မျှ မပန်ကြားဘဲ သွားလာနိုင်ခြင်းအကျိုး။

(၂) ဒုတိယကထိန သိက္ခာပုဒ်အရ တိစီဝရိတ်ဓုတင် ဆောင်ရဟန်းများ တိစီဝရိတ်သင်္ကန်းနှင့် တစ်ညဉ့်မျှ ကင်း၍မနေရ။ နေသော် နိဿဂ္ဂိယ ပါစိတ်အာပတ်သင့်၏ဟူသော အာဏာစက်ကို ပယ်ဖျက်၍ တိစီဝရိတ်သင်္ကန်းနှင့် ညဉ့်ကင်း၍ နေနိုင်ခြင်းအကျိုး။

(၃) ဂဏဘောဇန သိက္ခာပုဒ်အရ "ထမင်းစားကြွပါ" စသည်ဖြင့် လူ့အသုံးအနှုန်းဖြင့် ဖိတ်သည့်အခါ ရဟန်းလေးပါး၊ လေးပါးထက်ပို၍မစားကောင်း၊ စားသော် ပါစိတ်အာပတ်သင့်၏ဟူသော အာဏာစက်ကို ပယ်ဖျက်၍ စားနိုင်ခြင်းအကျိုး။

(၄) ပထမကထိနသိက္ခာပုဒ်အရ မိမိသုံးစွဲနေကျ သင်္ကန်းသုံးထည်ထက် ပိုလွန်၍ သင်္ကန်းအသစ် များရခဲ့သော် ဆယ်ရက်အတွင်း အဓိဋ္ဌာန် သို့မဟုတ် ဝိကပ္ပနာပြုထားရမည်။ မပြုက ဆယ်ရက်လွန်သော် နိဿဂ္ဂိယပါစိတ်အာပတ် သင့်၏ဟူသော အာဏာစက်ကို ပယ်ဖျက်၍ သင်္ကန်းအသစ်များကို အလိုရှိတိုင်းထားနိုင် ခြင်းအကျိုး။

(၅) ယောစတတ္ထစီဝရုပ္ပါဒ အကျိုးမှာ မိမိကထိန်ခင်း ရာကျောင်းတိုက်အတွင်း၌ ဖြစ်ပေါ်ရရှိလာသော လာဘ်လာဘကို ကထိန်ခင်းသော ရဟန်း အားလုံး အစိုးတရရရှိနိုင်ခြင်း အကျိုးတို့ဖြစ် သည်။




ဤအကျိုးငါးပါးစလုံးကို ကထိန်ခင်းသော ရဟန်းများ မုချဆက်ဆက် ရရှိကြလေသည်။ ကထိန် သင်္ကန်းလှူသော ကျွန်တော်တို့အဖို့ရာမှာမူ "သံဃေ ဒိန္န မဟပ္ဖလံ" သံဃာ့အလှူမှာ အကျိုးကြီးမားလှပေ ၏။ "သဒ္ဒိသံ ပါကံ ဇနေတိ" တူသောအကျိုးကို ရရှိပါ ပေ၏- ဟူသော အထောက်အထားများအရ သံဃာ ဘက်ကရသည့်အကျိုးငါးပါးနှင့် ညီတူသော်လည်း ကောင်း၊ ပို၍သော်လည်းကောင်း ရရှိကြပေမည်။

ဤနေရာ၌ ဆရာ့ဆရာများ ညွှန်ပြထားသည်မှာ ၁။ မပန်မကြားဘဲသွားနိုင်ခွင့်ကို လှူဒါန်းရသဖြင့် ကထိန်အလှူရှင်များမှာ သွားလေရာရာ အနှောင့် အယှက်မရှိ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ခြင်းအကျိုး၊ ၂။ တိစီဝရိတ်သင်္ကန်းနှင့် ညဉ့်ကင်းနေနိုင်အောင် လှူဒါန်းနိုင်သဖြင့် မိမိပိုင် ပစ္စည်းဥစ္စာဟူသမျှကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း အကျိုး၊ ၃။ ဂဏဘောဇဉ်ကို စားနိုင်အောင် လှူရ သဖြင့် စားကောင်းသောက်ဖွယ် အထူးပေါများပြည့်စုံ သည့်အပြင် စားသောက်သမျှ ဘေးဥပဒ်မဖြစ်ခြင်း၊ အဆိပ်ခတ်ထားသော်လည်း အဆိပ်မသင့်ခြင်း အကျိုး၊ ၄။ သင်္ကန်းကို ဆယ်ရက်ထက်လွန်အောင် ထားနိုင်ခြင်းအလှူကို လှူရသဖြင့် မိမိပိုင်ပစ္စည်းများ အချိန်ကာလရှည်လျားစွာ မေ့နေသော်လည်း မဆုံး ပါးခြင်းအကျိုး၊ ၅။ မိမိကထိန်ခင်းရာ ကျောင်းတိုက် အတွင်း သံဃိကသင်္ကန်းဟူသမျှ အစိုးတရရရှိအောင် လှူဒါန်းရသဖြင့် ကထိန်အလှူရှင်တို့မှာ စီးပွားရေး လုပ်ကိုင်ရာ၌ သူတကာထက်ထူး၍ ပို၍အရများ ခြင်းဟူသော အကျိုးငါးပါးကို ရရှိနိုင်ကြလေ သည်။ ။

## လိုက်နာကျင့်သုံးရေးမင်္ဂလာ(၄)ပါး

သုံးတန်စေတနာ ဖြူစင်လန်းလို့
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပြင်ပမထားနဲ့
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုကျိုး
သယ်ပိုးဆောင်ရွက်စေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

ဒဂုန်ဦးထွန်းမြင့်

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၄၆၇)၏ မြေအကျယ်အဝန်း(၄၀x ၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၄၆၈)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း(၂၀x ၆၀)ပေရှိ ဦးခင်မောင်ဝင်း[၁၂/အစန(နိုင်)၀၅၃၅၄၈] အမည်ပေါက် မြေချပါမစ်(မိတ္တူ)ခြမ်း မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ယုယုဝင်း[၁၂/ဒဂရ(နိုင်)၀၀၆၇၈၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂) (LL.B,D.I.L)**
**ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉) (LL.B,D.B.L,D.I.L,WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၇၅၁၂၄၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၁ နှင့် ၅)
## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄၆

ဒေါ်အေးသီတာ နှင့် ၁။ ဦးလှမြိုင်
၂။ ဒေါ်စန်းစန်းရီ

**တရားလို** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ နတ်မောက်လမ်း၊ အမှတ်(၆၀၃)နေ တရားပြိုင် ဦးလှမြိုင်နှင့် ဒေါ်စန်းစန်းရီတို့(အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၄)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၂၅၇)နေ တရားလို ဒေါ်အေးသီတာက မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက် (၁၃၈၆ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်)**နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မေဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–င၊ မြေကွက်အမှတ်–၉၉၀/က၊ ၁၂၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ်(၉၉၀/က)၊ ဝဇီယာ(၈)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ဒေါ်အုန်းကြည်[၁၂/ဥကမ(နိုင်)၀၀၄၄၇၀] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းကြည်(မိခင်)သည် (၂၇–၁၂–၂၀၀၅)ရက်နေ့ တွင်လည်းကောင်း၊ ဦးမြဟန်(ဖခင်)သည်(၁၈–၅–၂၀၁၈)ရက်နေ့တွင်လည်းကောင်း အသီးသီး ကွယ်လွန်ခဲ့သဖြင့် ဦးမြင့်ဦး [၁၄/ပသန(နိုင်)၀၀၇၇၆၆]၊ ဦးခင်မောင်ဝင်း[၉/မမန(နိုင်)၀၀၇၉၉၅]၊ ဒေါ်ခင်ညိုထွေး[၁၂/ဥကမ(နိုင်)၀၀၄၁၆၃]၊ ဒေါ်ခင်ဥမ္မာထွေး[၁၂/ဥကမ(နိုင်)၀၀၄၄၇၁]တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် သား/သမီး(၄)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ အမှတ်–၁၄၈၁/ ၂၀၂၄/၂၄–၁–၂၀၂၄၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၂)၊ (၄)ခန်းတွဲ (၅)ထပ်တိုက်၏ ဒုတိယထပ်၊ တိုက်အမှတ်(၂၆)၊ အခန်းအမှတ်(၂၀၂)ဟုခေါ်တွင်သော အကျယ်အဝန်း–(၈၀၀ စတုရန်းပေ)ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (owner book)တွင် ဦးဝေလှိုင်ဦး အမည်ပေါက် တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါကြောင်း
## အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးဝေလှိုင်ဦး [၉/မလန(နိုင်)၁၄၃၃၀၁]မှ မိမိတစ်ဦးတည်းကသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အားချင် [၁၃/ကလတ(နိုင်)၀၁၉၃၄၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိကေဇင်(LL.B, D.B.L, D.I.L, D.I.P.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၇၇၂၃)**
**အမှတ် (၇၀)၊ ၅–လွှာ(ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉– ၄၂၈၅၉၆၁၅၄**

## ကရင်ပြည်နယ်အစိုးရအဖွဲ့
## ဘားအံမြို့
## အဆင့်မီပုဂ္ဂလိကဆေးရုံကြီးတည်ဆောက်ရေးအတွက်
## စိတ်ဝင်စားမှုဖော်ပြခြင်း အဆိုပြုလွှာ
## (Expression of Interest–EoI)ခေါ်ယူခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့တွင် အဆင့်မီပုဂ္ဂလိကဆေးရုံကြီး တည်ဆောက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းအား ပြည်တွင်း/ပြည်ပမှပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့် Public Private Partnership –PPP ပုံစံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် စိတ်ဝင်စားမှု ဖော်ပြခြင်း အဆိုပြုလွှာ (Expression of Interest–EoI) ခေါ်ယူသွားမည်ဖြစ်ပါသည်။

၂။ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများသည် ၎င်းတို့၏ အဆိုပြုလွှာကို ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဘားအံမြို့သို့ လိပ်မူ၍ (၁၅–၁၀–၂၀၂၄)ရက်နေ့ ညနေ (၁၅:၀၀)နာရီ (မြန်မာစံတော်ချိန် )အရောက် ပေးပို့တင်ပြရမည်ဖြစ်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့် အခြားသက်ဆိုင်ရာ စာရွက်စာတမ်းများကို အောက်ပါကုမ္ပဏီဆိုင်ရာ အထောက်အထားများတင်ပြ၍ အထက်ပါလိပ်စာတွင် (၁၆–၉–၂၀၂၄)ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်–

(က) လုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားကြောင်းကို တိကျသေချာစွာ ဖော်ပြထားသည့် အကြောင်းကြားစာ
(ခ ) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်
(ဂ ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း
(ဃ) နည်းပညာပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီအချက်အလက်များ
(င ) ရင်းနှီးမြှုပ်နှံလိုသူများ၏ လုပ်ကိုင်မည့်လုပ်ငန်းအတွက် အတွေ့အကြုံ
(စ) ကုမ္ပဏီနှင့်ဆက်သွယ်ဆောင်ရွက်ရန်အတွက် Contact Person၏ အမည်၊ ရာထူး၊ လိပ်စာ၊ ဖုန်း၊ Email

**(သိရှိလိုသည်များကို ဆက်သွယ်မေးမြန်းရန်– ၀၅၈–၂၃၄၃၆)**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ကတွင်းကြီးကျေးရွာအုပ်စု၊ ရွာတော်မြောက်ကျေးရွာနေ အဖ ဦးခင်မောင်မြင့်၏သား ကျွန်တော် မောင်အောင်ဇော်မြင့် [၈/တတက(နိုင်)၂၁၂၅၉၉]၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(ME–888291)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉– ၉၇၀၀၃၄၈၅၈**

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်၊ မကျီးသုံးပင်ကျေးရွာအုပ်စု၊ မကျီးသုံးပင်ကျေးရွာနေ အဖ ဦးမြင့်အောင်၏သမီး ကျွန်မ မအေးအေးမာ[၈/မဘန(နိုင်)၁၁၀၉၁၀]၏ ယခင်နိုင်ငံကူးလက်မှတ်အမှတ်(MB–612189) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉– ၉၇၀၀၃၄၈၅၈**

## အမည်မှန်

နွားထိုးကြီး မြို့နယ်၊ ကြာပင်အိုင် စံပြကျေးရွာမှ (အဖ) ဦးရ၏ သမီးဖြစ်သူ ဒေါ်ငြိမ်းပေါ်၏ အမည်မှန်မှာ ဒေါ်ငြိမ်းပေါ် [၉/နထက (နိုင်) ၀၄၂၆၂၉] ဖြစ်ပါသည်။

**ဒေါ်ငြိမ်းပေါ်**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးတင်ငွေ၏ သား ဦးပြည့်ဖြိုးဟိန်း [၁၂/ဒဂတ(နိုင်)၀၆၂၇၄၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (ME–859844) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09–786656319**

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁)ရပ်ကွက်၊ အမှတ်(၂၉၈)ဟုခေါ်တွင်သော ဦးချိုလေး အမည်ပေါက်၊ ပါမစ်မြေအမျိုးအစားမြေကွက်၊ အလျား(၄၀)ပေx အနံ(၆၀)ပေ အကျယ်ရှိ မြေကွက်ကြီးထဲမှ အလျား(၂၀)ပေxအနံ(၆၀)ပေအကျယ်ရှိ (ခြေရင်းခြမ်း)မြေကွက်နှင့် မြေကွက်အတွင်းရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဒေါ်ချိုချိုမြင့် [၁၂/ဥကမ(နိုင်)၁၁၉၅၆၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ကာလပေါက်ဈေးဖြင့်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်အား တရားဝင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဌေးလွင် (LL.B,D.B.L)**
**အထက်တန်းရှေ့နေ၊ စဉ်–၂၃၄၀၈**
**အမှတ်(၃၁၅)၊ အောင်ဇေယျာဘုရားလမ်း၊ (၂၁)ရပ်ကွက်၊ ရွှေပေါက်ကံမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင် (၄) လမ်း၊ အနောက်ရွှေဂုံတိုင်ရပ်ကွက် ၊ The Dawn Condo ၏ Level – 2 ၊ Room ( 203 )၊ Unit – F၊ ဧရိယာ(900) sq.ft ရှိသော ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးသိန်းထိုက်အေး [၁၂/ဗဟန (နိုင်)၀၀၄၀၇၆]မှမိမိတို့ တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဒေါ်အေးအေးဆန်း[၁၂/ဗဟန(နိုင်)၀၉၆၀၇၁]ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးဆန်း ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းထက်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ (၃၅)လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၂၁ / ၂၀၂၄–၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–097(24–25) (Third Retender) | Lubricant Oil (2) Items | Ks |
| (၂) | DMP/L–172(24–25) (Third Retender) | PGO–140 GL–5 Gear Oil (150) Drums | Ks |
| (၃) | DMP/L–174(24–25) (Third Retender) | ISO VG 100 Gas Compressor Oil (125) Drums | Ks |
| (၄) | DMP/L–183(24–25) (Second Retender) | 14.00 x 25 Tubeless Tyre (20) Nos | Ks |
| (၅) | DMP/L–184(24–25) (Retender) | Electrical Materials for All CNG Station (9) Items | Ks |
| (၆) | DMP/L–185(24–25)CAP | Replacement of Natural Gas Metering Devices for Ywama Gas Distribution due to Severe Lighting Strike (1) Lot | Ks |
| (၇) | DMP/L–186(24–25) | Casing Swab Cup (200) Nos | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၂၉–၈–၂၀၂၄** ရက်နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် (**energy.gov.mm**) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၁၂–၉–၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (**လူကိုယ်တိုင်**)လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း– ၀၆၇–၄၁၁၂၀၆**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အ–ထ–က(၂) Grade–12 မှ မအိအိလွင်၏ ဖခင်အမည်မှန်မှာ ဦးစန်းလွင်ဦး [၁၀/မဒန(နိုင်)၂၂၀၀၈၅] ဖြစ်ပါကြောင်း။

**ဦးစန်းလွင်ဦး**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အ–ထ–က(၂) Grade – 12 မှ မဖြိုးရတနာထွန်း၏ ဖခင်အမည်မှန်မှာ မင်းထွန်းသိန်း [၃/ကကရ (နိုင်) ၀၇၃၈၄၁] ဖြစ်ပါကြောင်း။

**မင်းထွန်းသိန်း**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က(ရွာလွတ်)ကျောင်းမှ မအင်ကြင်းခက် (Grade–12)၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ဗိုလ် [၁၂/ဥကတ( နိုင်) ၁၅၅၃၈၆] ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ဗိုလ်**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးကြည်ရှိန်း၏သား ကျွန်တော် မောင်ရာဇာရှိန်း [၆/မအရ(နိုင်)၁၁၀၅၂၁] သည် Passport, CDC, All in one, BST, SSA/DSD, PSCRB, TANKER, II/4, EDH အစရှိသည့် လက်မှတ်စာအုပ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–976021772**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဇင်ယော်၏သား ဦးသန့်ဇင်အောင် [၁၄/ကခန(နိုင်) ၁၀၅၀၈၉]၏ ရေယာဉ်မှူးလက်မှတ်နှင့် မွမ်းမံလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09–772337151**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ) ရပ်ကွက်၊ နဝရတ်လမ်း၊ ရတနာကျွန်းရိပ်သာနေ(ဘ)ဦးဝင်းထိန်[၇/ဖမန(နိုင်)၀၀၃၈၀၁]၏သမီး မကေခိုင်မြင့်(ခ)မကေခိုင်စုကလျာဝင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၆ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ အမှတ်– ၃၆၊ မြေပေါ်တွင် ဆောက်လုပ်မည့် ၂ခန်းတွဲ(၆)ထပ်တိုက်မှ ပဥ္စမထပ်(၆)လွှာ (ခေါင်းရင်းခြမ်း)၊ တိုက်ခန်းအားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးစိုးမြတ်ကျော် [၁၂/မရက(နိုင်)၀၁၂၉၂၁]ထံမှ ကြိုပွင့်အရစ်ကျငွေပေးချေခြင်းစနစ်ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဟိန်းထက်[၁၂/မဂဒ(နိုင်)၁၇၀၁၈၅] နှင့် ဒေါ်မေသန္တာမောင် [၁၂/မရက(နိုင်)၁၄၁၅၉၃]တို့မှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပါသည်။ သို့ပါ၍ ယင်းတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အတွက် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မေသကြိန်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၅၄၄)**
**အမှတ်(၁၂၀/က)၊ လက်ဝဲသုန္ဒရလမ်း၊ ၃၂ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၇၄၁၁၁၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊လူနေရပ်ကွက်(၂၀)၊ ဝေပုလ္လ(၇)လမ်း၊ မြေတိုင်းအမှတ် သကမ–၁၇၊ မြေကွက်အမှတ်(၁၉/ခ)၊ မြေဧရိယာ(၁၀x၆၀)ပေရှိ ဦးကျော်ဝင်းလှိုင် အမည်ပေါက် မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်တွင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်သက်မြတ်ထွန်း(ခ) ဒေါ်မြင့်ထွန်း ထံမှ လက်ဆင့်ကမ်းဝယ်ယူထားပြီး တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသော ဦးပြည့်ဖြိုးအောင် [၁၂/လသယ(နိုင်)၀၈၅၃၂၂]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်း [၁၂/လသယ(နိုင်)၀၀၂၆၆၂]မှ အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးထွန်းဝင်းလတ်(LL.B) အထက်တန်းရှေ့နေ (စဉ်–၂၇၄၈၇/၀၈)**
**အမှတ်(၉၄–က)၊ ယုဇနလမ်း၊ (၁၁)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၂၀၂၆၈၂၂၉**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ်(၉၂)၊ ဦးပိုင်အမှတ်(၆၄/ဃ)၊ ဧရိယာ (၀.၇၀)ဧကရှိမြေသည် အခွန်အမှုတွဲအမှတ် (ငါး) ၂၇၂/၁၉၉၃–၁၉၉၄ သည် မိဇေဟန် ၊ မိကောင်းဉာဏ်နှင့် မိကောင်းသဇင်တို့(၃)ဦး အမည်ဖြင့် နှစ်(၃၀) အငှားဂရန်ရရှိထားပြီး အဆိုပါ မြေငှားဂရန်စာချုပ်မှာ အိမ်ဆောက်လုပ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးနေမှုအပေါ် ဂရန်မိတ္တူမှန်ပြန်လည် ထုတ်ယူခွင့်ပြုပါရန် မိကောင်းဉာဏ်နှင့် မိကောင်းသဇင်တို့(၂)ဦးမှ ဂရန်စာချုပ်မိတ္တူ၊ ကျမ်းကျိန်လွှာ ၊ ရဲစခန်းထောက်ခံချက် ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုစာရင်းပုံစံ (၆၆/၆)မိတ္တူ၊ အဆောက်အဦဓာတ်ပုံများဖြင့် တင်ပြလျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသည့် ကန့်ကွက်လိုသူများရှိပါက သတင်းစာတွင် ကြေညာသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည်အထိ တင်ပြချက် တစ်စုံတစ်ရာ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ တိုက်အမှတ် (၇၇)၊ (၄-လွှာ/အေ)၊ ခေါင်းရင်းခန်း အကျယ်အဝန်း (၁၅ပေx ၅၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတစ်ဦးတည်းသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းတစ်စုံတစ်ရာမရှိဘဲ လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ကတိဝန်ခံသူဖြစ်သော ဒေါ်ခင်အေးမွန် [၁၂/ဒဂမ(နိုင်) ၀၁၂၈၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ခိုင်မာသောတရားဝင်ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်စိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၀၃၉)**
**အမှတ်(၃၉)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-456850134, 09-448175540**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၀၊ ပေါင်းလောင်းလမ်း၊ မြေကွက်အမှတ်-၁၅၅၂ ၊ မြေဧရိယာ(အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား စလစ်အမည်ပေါက် ဦးမောင်မောင်ကြည်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နွယ်နီခမ်းမိုင် [၁၂/ဥကတ(နိုင်) ၁၅၇၄၇၆]ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဝင်း [၁၂/ရကန(နိုင်) ၀၆၅၆၈၁]က (၂၇-၈-၂၀၂၄)ရက်နေ့တွင်ချုပ်ဆိုသည့် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်နွယ်နီခမ်းမိုင် [၁၂/ဥကတ(နိုင်)၁၅၇၄၇၆]ထံသို့ ရောင်းဖိုးငွေများကို အပြေအကျေပေးချေ၍ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူပိုင်ဆိုင်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးဇော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဇင်ဇင်နိုင် ( LL.B, D.B.L)** — **ဦးချစ်စန်းနိုင် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၀၉၂)** — **အထက်တန်းရှေ့နေ(စဉ်-၃၉၇၁၄)**
**အမှတ်(၁၁၄၄)၊ အောင်သုခ(၂၁)လမ်း၊ ၆/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**(ဖုန်း- ၀၉-၂၅၄၄၈၆၅၅၈၊ ၀၉-၂၅၄၁၁၀၆၈၈)**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ရတနာပုံလမ်း၊ မြေကွက်အမှတ်(၉၄၆/က)၏ မြေအကျယ်အဝန်း (၂၀x ၆၀)ပေရှိ ဒေါ်မြင့်[၁၂/သဃက(နိုင်)၀၇၀၉၂၄] အမည်ပေါက် မြေချပါမစ် မြေအမျိုးအစား မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးကျော်ရွှေ [၁၂/ဗဟန(နိုင်) ၀၆၁၆၂၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်မျိုးအောင်(စဉ်-၁၁၄၆၂)** — **ဒေါ်ခင်အေးသန်း(စဉ်-၉၁၁၉)**
**(LL.B,D.I.L)** — **(LL.B,D.B.L,D.I.L,WIPO Switzerland)**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၃၁၁၈၀၁၄၊ ၀၉-၄၂၀၂၆၆၀၆၁၊ ၀၉-၄၅၇၇၅၁၂၄၁**

## “ကန့်ကွက်နိုင်ကြောင်းကြော်ငြာ”

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀၊ မြေကွက်အမှတ်-၅၈၈၊ မြေကွက်တည်နေရာအမှတ်-၁၇၇၊ မဟာဗန္ဓုလလမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးအောင်မြတ်သန်း [၁၂/ဒဂမ(နိုင်)၀၂၄၈၈၅]မှ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရာတွင် အသိမ်းလွန်၍ ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်းကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ ဦးအောင်မြတ်သန်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၂၈၃/၂၀၂၂ (၁၄-၁၂-၂၀၂၂)ဖြင့် ဦးအောင်မိုးထွန်း[၁၂/ဥကမ(နိုင်)၀၁၉၃၈၃]မှရယူပြီး အထွေထွေကိုယ်စားလှယ်လွှဲစာ၊ ကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့ တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မိတ္တူ လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅-လမ်း၊ အမှတ် (၄၆)၊ ၃-လွှာ (ဘီ)နေ ဒေါ်တင်တင်ခိုင် [၁၂/စခန(နိုင်)၀၅၃၈၄၆] ကိုင်ဆောင်သူ၏ သားဖြစ်သူ မောင်ကျော်စွာဦး [၁၂/ဒဂရ (ပြု) ၀၀၀၃၁၁]သည် မိခင်၏ဆိုဆုံးမမှုများကို မနာခံဘဲ၊ စိတ်ဆင်းရဲစေသော ကိစ္စရပ်များကို အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်မှပစ္စည်းများယူ၍ ဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း၊ အခြားမည်သည့်ကိစ္စ အဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ သတင်းမေးခြင်း၊ ဖုန်းဆက်မေးခြင်းသည်းခံပါ။

**ဒေါ်တင်တင်ခိုင် [၁၂/စခန(နိုင်)၀၅၃၈၄၆]**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ထ-၁၆ရပ်ကွက်၊ ဗန္ဓုလ (၅)လမ်းနှင့်သီတာ(၅)လမ်းထောင့်၊ အမှတ်- ၁၀၂၅(ခ)ဟုခေါ်တွင် သော(၂၀ပေx ၆၀ပေ)အကျယ်အဝန်းရှိ မြေကွက်အပါအဝင် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံး။ **(တစ်နည်း)** ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃၊ မြေကွက်အမှတ် -၁၀၂၅(ခ)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်(၂၀ပေ x ၆၀ပေ)အကျယ်အဝန်းရှိ ပါမစ်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်လက်ဝယ်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုရှိသူ ဦးစလိုင်းဖွေဟူး [၁၀/သဖရ(နိုင်) ၁၇၄၀၈၀]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၅-၈-၂၀၂၄)ရက်စွဲနှင့် (၂၇-၈-၂၀၂၄)ရက်စွဲတို့ပါ ကတိစာချုပ်များဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးထွန်းထွန်းကျော်** | **ဦးဇော်မြင့်ဦး(LL.B)** |
| **[၇/ဒဥန(နိုင်)၁၂၃၆၂၀]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၁၂/၂၀၁၈)** |

**အမှတ်-၃၁၊ သဇင်(၃)လမ်း၊ ဒဂုံရပ်ကွက်၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:၀၉-၄၂၀၂၆၈၀၈၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၅)၊ မြေကွက်အမှတ်-၅၂၈(ခ)၊ မြေအကျယ်အဝန်း (၁၈/၁၉ ပေx ၆၀ ပေ)၊ ဧရိယာ(၀.၀၂၅)ဧက၊ (၁၁၁၀) စတုရန်းပေရှိ ဦးကျော်ဝင်း [၁၂/ပဇတ(နိုင်)၀၀၉၈၁၈] အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဒေါ်သက်ထားဆွေ [၃/ဘအန(နိုင်)၃၁၉၀၃၄]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း) များဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်ကေရီကျော် LL.B** | **ဒေါ်ချယ်ရီဘငွေး LL.B, D.B.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၁၁)** | **အထက်တန်းရှေ့နေ (စဉ်-၂၀၀၄၄)** |

**အမှတ်-၅၆၅၊ ဒုတိယထပ်၊ MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၂၀၄၇၃၂၁၊ ၀၉-၂၀၃၉၈၀၂**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၅)၊ မြေကွက်အမှတ်-၅၂၈(က)၊ မြေအကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၀.၀၂၇၅)ဧက၊ (၁၂၀၀) စတုရန်းပေရှိ ဦးကျော်ဝင်း [၁၂/ပဇတ(နိုင်)၀၀၉၈၁၈] အမည်ပေါက်နှစ် (၆၀) ဂရန်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးစိန်လှ [၉/ညဥန(နိုင်)၀၀၀၃၂]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ -**

| | |
|---|---|
| **ဒေါ်ကေရီကျော် LL.B** | **ဒေါ်ချယ်ရီဘငွေး LL.B, D.B.L** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၁၁)** | **အထက်တန်းရှေ့နေ (စဉ်-၂၀၀၄၄)** |

**အမှတ်-၅၆၅၊ ဒုတိယထပ်၊ MAC Tower ၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၄၇၃၂၁၊ ၀၉-၂၀၃၉၈၀၂**

## “Golden Shine Company Limited”

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေများအရ ကုမ္ပဏီအား ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းကြောင်း ကြေညာခြင်းနှင့် ရရန်ရှိသည့် အကြွေးများတောင်းခံရန် သတိပေးခြင်း

၂၀၂၄ခုနှစ်၊ သြဂုတ်လ(၂၃)ရက် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏ အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် ကုမ္ပဏီကိုဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအဖြစ် ဒေါ်ဖြူဖြူညိမ်း (B.Com.,C.P.A) (Certified Public Accountant and Auditor) [၁၂/ဗတထ(နိုင်)၀၁၆၄၁၀]အား ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏စာရင်းရှင်းလင်း ဖျက်သိမ်းရေးဆိုင်ရာ ကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

ထို့ကြောင့် တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း နောက်ဆုံးထား၍ ကုမ္ပဏီမှ ရရန်ရှိသော ကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထား ခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါရက်နောက်ပိုင်းမှ တောင်းခံလာသော ကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

| | |
|---|---|
| **Mr.Wonho Seo** | **ဒေါ်ဖြူဖြူညိမ်း** |
| **Director** | **စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ** |
| **Golden Shine Co.,Ltd** | **(B.Com., C.P.A)** |

**အမှတ် ၁၀၆/၃၃၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## အများသိစေရန်ကြေညာချက်

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ်(ည/၄၃)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချ ပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နန်းခမ်းဗိုလ် (TGI ၀၂၅၄၂၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးစိုးဝင်း (၁၂/လသန(နိုင်)၀၀၂၃၃၀)က (၂၈-၁၂-၂၀၀၇) ရက်နေ့တွင် “အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်” ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ဦးစိုးဝင်းမှ လက်ရောက်လက်ဝယ်ယူ၍ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးမြင့်ထွန်း**
**လွှဲအပ်ညွှန်ကြားချက်အရ - တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၀)**
**(LL.B,GTI(EC),DL-101, WIPO (Switzerland))**
**အမှတ်(၃၃/A)၊ ပထမထပ်၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၄၂၅၀၁၅၀၃၄ ၊ ၀၉-၇၉၂၃၉၇၁၀၇၊ ၀၉-၅၁၄၇၃၈၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ တိုးချဲ့(၂)ရပ်ကွက်၊ အလောင်းဘုရားလမ်း၊ မြေကွက်အမှတ်(AJ-၁၆)၊ ဦးမြမောင် (HBI-၀၂၆၁၈၉) အမည်ဖြင့် ချထားပေးသည့်စလစ်မြေကွက် (၄၀'x ၆၀') အကျယ် အဝန်းရှိသည့်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့်( ၂၀'x ၆၀')အကျယ်အဝန်းရှိသည့် မြေကွက်( ခြေရင်းဘက်ခြမ်း )နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးစံလှဘော် [၁၂ /တကန(နိုင်)၁၄၁၅၇၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်မြတ်သိန်း [၁၂/မဘန(နိုင်)၁၂၅၅၀၃]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၅ -၉ -၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

| | |
|---|---|
| **ဒေါ်နန်းမိုခမ်းအောင်** | **ဒေါ်ကေသီလွင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၂၇၃)** | **အထက်တန်းရှေ့နေ(စဉ်-၄၂၇၅၀)** |

**အမှတ်(၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉ - ၂၅၄၄၈၂၆၈၁၊ ၀၉ - ၄၄၃၂၂၀၇၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး/မြောက်၊မြေကွက်အမှတ်-၅၇၈/ခ၊မြေကွက်တည်နေရာအမှတ်(၅၇၈/ခ)၊အောင်ရတနာလမ်း၊ကြီးပွားရေးမြောက်ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်၊ဒေါ်မြမြအေး(တီဂျီကေအန်န်-၀၃၀၉၀၀)(၁၂/သဃက(နိုင်)၀၅၇၇၄၆)၊ဦးတင်ထွန်း(ခ)ဦးအောင်ငွေး(၁၂/သဃက(နိုင်)၀၉၆၂၂၅)(AP-၀၃၉၈၆၄)၊မစန်းစန်းမော်(၁၂/သဃက(နိုင်)၁၅၅၀၃၀)၊မောင်နိုင်သူ(၁၂/သဃက(နိုင်)၁၇၃၂၅၈)၊မနှင်းနှင်းသူ(၁၂/သဃက(နိုင်)၁၇၃၂၅၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်မြမြအေးဦးတင်ထွန်း(ခ)ဦးအောင်ငွေးမစန်းစန်းမော်မောင်နိုင်သူမနှင်းနှင်းသူတို့မှဂရန်မူရင်းမှာအထားအသိုမှားယွင်း၍ပျောက်ဆုံးသွားကြောင်း၊အခြားသူသို့ရောင်းချပေါင်နှံပေးကမ်းစွန့်လွှတ်ထားခြင်း၊အာမခံအဖြစ်တင်သွင်းထားခြင်း၊လျှဒါန်းထားခြင်းမရှိကြောင်းကျမ်းကျိန်လွှာ-၂၇၆/၂၀၂၂(၁၈-၉-၂၀၂၂)၊ဂရန်မူရင်းပျောက်ဆုံးကြောင်းရပ်ကွက်/ရဲစခန်းထောက်ခံချက်၊နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် ကန့်ကွက်ရန်ရှိပါကတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# တင်ဒါခေါ်ယူခြင်း

မြန်မာဂေါက်သီးရိုက်အသင်းတွင် ၂၄-၈-၂၀၂၄ ရက်နေ့၌ ကျင်းပပြုလုပ်သော အလုပ်အမှုဆောင်အဖွဲ့ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ ဘာဂီများတွင် အသုံးပြုသော ဘက္ထရီ 12V ၊ 8V များ ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ပိတ်တင်ဒါ လျှောက်လွှာအား ၇-၉-၂၀၂၄ ရက်နေ့ နောက်ဆုံးထားပြီး မြန်မာဂေါက်သီးရိုက် အသင်းရုံးသို့ ရုံးချိန်အတွင်း လာရောက် တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း - ၀၉ ၄၂၈၀၃၇၁၂၈၊ ၀၉-၄၂၀၁၆၁၉၄၁၊ ၉-မိုင်၊ ပြည်လမ်း၊ မြန်မာဂေါက်သီးရိုက်အသင်း၊ ရန်ကုန်မြို့။

**အလုပ်အမှုဆောင်အဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

(က) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆/သမိုင်း)၊ မြေကွက်အမှတ်(၈/ဇ-၁/ A)၊ အကျယ်အဝန်းဧရိယာ(၀.၀၈၆)ဧကရှိ မြေပိုင်မြေ(အိမ်ရာမြေသတ်မှတ်)မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်(၇)ရပ်ကွက်၊ မေခလမ်း၊ အမှတ်(၄-အီး)ဟုခေါ်တွင်သော မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဝင်းအမည်ဖြင့် တရားဝင် အမည်ပေါက်ထားပြီး ဒေါ်ဝင်းထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြဦး [၁၂/ပဇတ(နိုင်)၀၀၀၀၀၅]ထံမှလည်းကောင်း၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း၊ အမှတ်(၄-အီး)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၅၆/သမိုင်း)၊ မြေကွက်အမှတ်(၈/ဇ-၁)၊ အကျယ်အဝန်း(အလျား၇၂ပေx အနံ၁၀၆ပေ) အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(အလယ်ခြမ်း)(အလျား၃၆ပေx အနံ၁၀၆ပေ)မြေပိုင်မြေ၊ လ/န(၃၉) ရပြီး(အိမ်ရာမြေသတ်မှတ်)မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ၁။ဒေါ်အေးကြူ ၂။ဦးကြည်ခင်၊ ၃။ဦးသာအောင်တို့အမည်ဖြင့် တရားဝင် ပူးတွဲအမည်ပေါက်ထားပြီး ၎င်းအမည်ပေါက်(၃)ဦးအနက်မှ အမည်ပေါက်(၁)ဦးဖြစ်သူ ဒေါ်အေးကြူ ပိုင်ဆိုင်သည့် အစုအား တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သည့် ၁။ဒေါ်ခင်မကြီး၊ ၂။ဒေါ်ဝင်း၊ ၃။ဒေါ်ခင်စိုးဝင်း၊ ၄။ဒေါ်စန္ဒာအောင်၊ ၅။ဒေါ်သန္တာအောင်တို့ထံမှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်မြဦး[၁၂/ပဇတ(နိုင်)၀၀၀၀၀၅] ထံမှလည်းကောင်း၊ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်(၂)ကွက် တန်ဖိုးငွေ၏စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်(၂)ကွက် အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု မှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်မြလွဲ့ဝင်း(L.L.B, D.B.L)** | **ဒေါ်အေးအေးသိန်း(B.A, PGDL)** | **ဒေါ်စန်းမြသက်(B.Sc, PGDL)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၆)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၅၆၅)** |

**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph:၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃၊ ၀၉-၈၉၉၂၉၉၂၅၅**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(က)၊ မြေကွက်အမှတ် (၅၆၅/က)၊ အကျယ်အဝန်း (အလျား ၂၀ပေ x အနံ ၆၀ပေ)ရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က/၆ လမ်း၊ အိမ်အမှတ် (၁၅၁)ဟုခေါ်တွင်သော နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဒေါ်စန်းစန်းနု [၂/လကန(နိုင်)၀၂၄၇၁၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝါဝါလွင် [၉/မကန(နိုင်)၀၈၇၅၅၅]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဤအိမ်နှင့်မြေကွက် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုမာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁၂)**
**အမှတ် (၈၀)၊ (၂)လမ်းသွယ်(၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၄၅၁၂၃၅၄၊ ၀၉-၉၅၅၆၀၀၁၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၆၄/အေ)၊ အခန်းအမှတ်(၂၀၁)ကို ဌာနနှင့် အကျိုးတူ ဆောင်ရွက်သော Earn Spark Myanmar Co., Ltdထံမှ ဆက်စပ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း တင်ပြသူ ဦးတင်ထူးပိုင် [၁၂/ကမရ(နိုင်)၀၅၆၇၄၃]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ တင်ပြလျှောက် ထား လာ ပါ သည် ။ ထုတ် ပေး ရန် မ သင့် ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ( ၁၄ )ရက်အတွင်း စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၇၊ လူနေရပ်ကွက်အမှတ်-၆/၁၃၊ ဝင်းသိုပန်းခြံလမ်း၊ မြေကွက်အမှတ်-၅၆(ခ)၊ အကျယ်ပေ (၂၃x၆၀)ရှိ ဦးမြင့်ဦး အမည်ပေါက် နှစ်(၆၀)ဂရန် ထွက်ရှိထားသော အိမ်မြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ထံမှ (၃-၃-၂၀၁၀)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူ ပိုင်ရှင် ဒေါ်ယဉ်ယဉ်ထွန်း[၁၂/အစန(နိုင်)၁၄၃၆၂၉] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးသူရနှင့် ဒေါ်ကြည်ကြည်စိန်တို့မှ ရောင်းချသူ ဒေါ်ယဉ်ယဉ်ထွန်းကိုယ်စား ဒေါ်ယဉ်ယဉ်မြ[၁၂/မရက(နိုင်)၀၄၇၆၇၈]ထံသို့ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **၁။ ဦးသူရ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/အစန(နိုင်)၁၂၄၂၅၅]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **၂။ ဒေါ်ကြည်ကြည်စိန်** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **[၉/ကပတ(နိုင်)၀၁၇၉၉၇]** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **အမှတ်-၁၀၇၁၊ ရတနာသိင်္ခလမ်း၊** | **ဖုန်း-၀၉-၅၁၈၀၉၆၈၉** |
| **ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်။** | |

ရောင်းမည်
ပါရမီလမ်းသွယ် 60'x60' အုတ်ဝန်း ဂရံ ညှိနှိုင်း
ဝေဇယန္တာလမ်းအနီး 60'x60' 2RC ဂရံ ညှိနှိုင်း
၆ မိုင်ပြည်လမ်းမအနီး 70'x90'2RC ဂရံ ညှိနှိုင်း
အကျိုးဆောင် 09 506 1004

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၇၉၊ မြေကွက်အမှတ်- ၅၂၀၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်းနိုင် [၈/မမန(နိုင်) ၁၃၇၃၅၄]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဖြစ်သူက စရန်ငွေအချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်း အဝယ်အား ကန့်ကွက်လိုပါက ကြေညာစာပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံ သောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမင်းသီရိ (LL.B)** **ဒေါ်ရီရီဝင်းရွှေ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်- ၃၉၂၁၂)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၁၅၅)**
**အခန်း (A-11/12)၊ ပထမထပ်၊ အမှတ် (၅၀)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၆၀၃၄၃၇၁၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ နန္ဒဝန် လမ်း၊ တိုက်အမှတ် (၁၀)နေ ဒေါ်စိုးယုနွယ် [၁၄/လပတ(နိုင်) ၁၁၅၀၉၆]၏ လွှဲအပ် ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဒေါ်စိုးယုနွယ် သည် ပန်းချီကားချပ်ရောင်းဝယ်ခြင်း၊ ပန်းချီ ဖန်တီးပုံဖော် ရေးဆွဲခြင်း၊ ပန်းချီအနုပညာလုပ်ငန်းနှင့် ပတ်သက်ဆက်စပ်သောလုပ်ငန်းများကို ပုံမှန်လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ပြီး သားသမီးများနှင့်အတူ အေးချမ်းစွာနေ ထိုင်သူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် ပန်းချီအနုပညာလုပ်ငန်းနယ်ပယ် တွင် ကောင်းမွန်သောဂုဏ်သတင်းဖြင့် အောင်မြင်သူတစ်ဦးလည်းဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေသည် လူမှုကွန်ရက်စာမျက်နှာပေါ်တွင် Facebook Account K Mar Shinn အမည်ဖြင့် အနုပညာဆိုင်ရာပန်းချီနှင့် ပတ်သက်ဆက်နွယ်သည့် လုပ်ငန်းများကို ဆက်စပ်လုပ်ကိုင်နေသူဖြစ်ပါသည်။ အချို့သောလူပုဂ္ဂိုလ်တို့သည် ကျွန်ုပ်မိတ်ဆွေ၏ K Mar Shinn Facebook Account တွင် ကျွန်ုပ်မိတ်ဆွေ၏ အမည်၊ ဂုဏ်သိက္ခာနှင့် ကိုယ်ကျိုးစီးပွားကိုသော်လည်းကောင်း၊ ကျွန်ုပ် မိတ်ဆွေ သားသမီးများ၏ အမည်၊ ဂုဏ်သိက္ခာကိုသော်လည်းကောင်း ထိခိုက်စေသည့် ညစ်ညမ်းပြောဆိုရေးသား တုံ့ပြန်မှုများကို မှတ်ချက် (Comment)များတွင် ဖော်ပြဆောင်ရွက်လာကြပါသည်။ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေနှင့် မိသားစုများ၏ အကျိုးစီးပွား၊ အမည်နာမ၊ ဂုဏ်သိက္ခာတို့အား ထိခိုက်စေသည့် ရေးသား၊ ပြောဆို ပြုမူမှုများအား ဆက်လက်လုပ်ဆောင်ခဲ့ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမောင်မောင်သူရ (မြောင်းမြ)** **ဦးဖေယျာထွန်း (LL. B)**
**LL. B, A.G.T.I (EP), D.B.L, D.M.L** **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)**
**ဒေါ်ချယ်ရီလှိုင် (LL. B)** **ဦးစိုးလွင်ဦး (LL. B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)**
**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၃၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၆) ရပ်ကွက်၊ ၃၈-လမ်း၊ အမှတ် (၁၃၇)၊ မြေညီ၊ (တိုက်ကိုမျက်နှာမူလျှင်- ညာဘက်)၊ အကျယ်အဝန်း (၁၂ ½ ပေx ၅၀ပေ)ရှိထပ်ခိုးအပြည့်ပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ် ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင် ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ရင်ငွေးရွှေ [၁၁/ကဖရ(နိုင်) ၀၀၅၇၄၁]၊ ဒေါ်ခင်သန္တာဦး [၁၂/ကမရ(နိုင်) ၀၄၀၇၉၂]၊ ဦးခင်ဇော်မိုး [၁၂/ကမရ(နိုင်) ၀၄၀၅၂၃]၊ ဦးခင်ဇော်စံ [၁၂/ကမရ(နိုင်) ၀၅၀၉၅၉]၊ ဒေါ်ခင်စံပယ်မိုး [၁၂/ကတတ(နိုင်) ၀၀၂၀၉၃ ] ကိုင်ဆောင်သူတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး [ LL.B, LL.M, MRes(Law), D.B.L]**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ) ၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၂)၊ မြေကွက် (၁၁၃၀) အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀)မြေငှား ဂရန်အမျိုးအစားမြေကွက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော မြေကွက်ကြီး၏ မြေကွက်ကိုမျက်နှာမူ၍ကြည့်သော် (ဘယ်ဘက်ခြမ်း) ဝင်္က်ပါ(၂)လမ်းနှင့် ကပ်လျက်ဘက်အခြမ်း၊ (၂၀ပေx ၆၀ပေ) အကျယ်ရှိ ဂရန်(မူရင်းခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၂) ရပ်ကွက်၊ ဝေသာလီလမ်း၊ အမှတ် (၁၁၃၀) ဟုခေါ်တွင်သော မြေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ကြည်ပြာထွန်း [၁၂/ဒဂရ(နိုင်) ၀၀၄၄၆၀]ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။

ယင်းကဲ့သို့ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံ တစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆုလှိုင် [၁၂/ဥကတ(နိုင်)၁၈၂၆၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိကျော် (LL.B , D.C.B.L) အထက်တန်းရှေ့နေ (စဉ်-၅၃၂၀၆)**
**အမှတ် (၃၁)၊ မာလာမြိုင်-၉ လမ်း ၊(၁၆) ရပ်ကွက် ၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-444621035, 09-681304983**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၅၁၊ မြေကွက် အမှတ်- ၁၂၈၅၊ မြေကွက်တည်နေရာအမှတ်- ၁၂၈၅၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးလှမြင့် (LPN-၀၀၂၇၂၈)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက်ဦးလှမြင့် (LPN-၀၀၂၇၂၈) [၁၂/ပဇတ(နိုင်) ၀၁၇၉၅၉] ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူသူ ဒေါ်ဝါဝါ ဝင်းလှိုင် [၇/တငန(နိုင်) ၁၀၄၁၉၈]မှ မှတ်ပုံတင်စာရင်းမဝင်ထားသော ပါမစ်မူရင်းနှင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ (၁၁-၁-၂၀၂၁) ရက်စွဲပါ စာဖြင့် ရုံးခွဲစာရင်းရေးသွင်းခြင်းမပြုတော့ကြောင်း၊ အကြောင်းကြားစာကို တင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင် ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင်၊ ဆူးကြိုးခြံစည်းရိုးကာရံထားပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါ သဖြင့် ဒေါ်ဝါဝါဝင်းလှိုင်မှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၂)၊ ဇော်ဂျီလမ်း၊ မြေကွက်အမှတ် (၁၃၂၃)၊ ဧရိယာအကျယ် (၄၀x၆၀) ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံ ခန့်ခွဲမှုဌာနနှင့် နှစ်(၆၀)ဂရန်တို့တွင် ဒေါ်မောအိ [၁၂/ကမရ(နိုင်) ၀၂၇၂၉၄] အမည် ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဂရန်အမည် ပေါက် ဒေါ်မောအိမှ ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ် မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာပါရှိသည့်နေ့စ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြည်ဖြူသန့် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၆၂၁)**
**၀၉-၉၆၇၆၂၆၈၁၂**

## "အများသိစေရန် ကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၆/၁၃ ရပ်ကွက်၊ ဧရာဝတီ ပါတ်လမ်း၊ အမှတ်- ၂၀(ခ) လိပ်စာပါ ပေ ၂၀xပေ ၆၀ ရှိ မြေနှင့် ယင်းပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်ရပ်ရပ်အားလုံးအား လက်ရှိထားပိုင်ဆိုင် နေထိုင်လျက်ရှိသည့် မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၆၃၅၉၀] ကိုင်ဆောင်သူ ဦးဆီဗာရတ်ချ်(ခ) ဦးသန်းငွေနှင့် မှတ်ပုံတင်အမှတ် [၁၂/ရကန(နိုင်)၀၆၃၆၉၂] ကိုင်ဆောင်သူ ဒေါ်ပွင့်နတ်(ခ)ဒေါ်မြင့်မြင့်အေး၊ မှတ်ပုံတင်အမှတ် [၁၂/ရပသ (နိုင်) ၀၅၅၁၃၈] ကိုင်ဆောင်သူ ဒေါ်သန်းသန်းအေးတို့ထံမှ မှတ်ပုံတင်အမှတ် [၁၂/ဗဟန(နိုင်) ၀၀၈၀၂၀] ကိုင်ဆောင်သူ ဦးသိန်းဟန်မှ ဝယ်ယူရန်သဘောတူပြီး ဖြစ်၍ စရန်ငွေတစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်၊ မြေ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သက်မှတ်ရက်အတွင်း ကန့်ကွက်မှု မရှိပါက မြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးသတ် ဆောင်ရွက်သွားတော့ မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဦးဇော်ဦး (LL-B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၇၂၀)**
**ဖုန်း- ၀၉-၄၅၀၈၈၆၃၅၃**
**အမှတ် - ၃၃၃(က)၊ ကျောက်စိမ်းလမ်း၊ ၅/၈ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၁၅၇/က)နေ ဦးသိန်းအေး [၇/ကဝန(နိုင်)၀၁၂၀၂၁]နှင့် ဒေါ်အေးအေးနွဲ့ [၁၂/ဒဂတ(နိုင်) ၁၀၄၂၇၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေတို့၏သားဖြစ်သူ မောင်ကျော်ကျော်လွင် [၁၂/ဒဂတ(နိုင်) ၁၄၄၅၉၀]သည် မိဘနှစ်ပါး၏ ဆိုဆုံးမှုများအား လိုက်နာခြင်းမရှိဘဲ ခွင့်မလွှတ် နိုင်သောကိစ္စရပ်များဖြင့် မိဘနှစ်ပါးအား ကိုယ်စိတ်နှလုံး ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်သဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက် ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝများအား တာဝန်ယူ ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစည်သူဝင်း ( L L.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၃၄)**
**အမှတ်(၆၄၀/ခ)၊ သရက်တောလမ်း၊ (၁၀၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၂၅၀၅၀၉၀၉၁**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရတနာ လမ်း၊ အမှတ်(၇၀)၊ (၆)လွှာ(ခေါင်းရင်း)ခန်း၊ အဆောက်အဦ၏ (၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်းနှင့် တိုက်ခန်းအတွင်းရှိ ရေမီးအပါအဝင် အကျိုးခံစားခွင့် များကို အဆက်အစပ်စာချုပ်များဖြင့် ပိုင်ဆိုင်သည်ဟု အဆိုရှိသူ ဒေါ်ခြိမ့်ဝဠာ [၁၂/လမန(နိုင်) ၁၅၁၇၂၀]က ကာလပေါက်ဈေးအတိုင်းရောင်းချရန် ကမ်းလှမ်း သဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူပြီး စရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လို ပါက စာရွက်စာတမ်းမူရင်းများယူဆောင်၍ ကျွန်ုပ်ထံ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးငွေးလွင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၄၀၈)**
**အမှတ်(၃၁၅)(၂၁)ရပ်ကွက်၊ အောင်ဇေယျာဘုရားလမ်း၊ ရွှေပေါက်ကံမြို့သစ်။**
**09-401579081**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ(ချောင်း၀)၊ ဘုရင့်နောင်လမ်းမကြီး၊ တိုက်အမှတ် (2-A)၊ အခန်းအမှတ်(၃၀၅) တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းသည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်စိန်မြိုင် [၁၂/လမန (နိုင်)၀၈၀၆၈၄] အမည်ဖြင့် မှတ်သားထားပြီး ဒေါ်စိန်မြိုင် ထံမှ အဆင့်ဆင့် တရားဝင်ဝယ်ယူထား၍ လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသူ ဦးမိုးမင်း [၉/မလန(နိုင်) ၁၁၃၆၆၈]ထံမှ ဦးငြိမ်းချမ်းအောင် [၁၃/မရန(ပြု)၀၀၀၁၉၁]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးငြိမ်းချမ်းအောင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာ၊ ဦးပိုင်အမှတ်- ၄၀/၃၊ ကွင်းအမည်- ကျောင်းကုန်းမြောက်၊ ကွင်းအမှတ်- ၆၇၂(A)၊ ဧရိယာ ၄.၁၅ ဧကထဲမှ ဒေါ်နီနီ + ဒေါ်ခင်သီတာလွင် အမည်ပေါက် မြေခွန် ပြေစာထွက်ရှိလျက်ရှိသော မြေကွက်အနက်မှ ၄၀x၆၀ ပေ အကျယ်ရှိ မြေကွက်အမှတ် (၅၂) ဟုခေါ်တွင်သော မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာထွန်း [၁၂/သလန(နိုင်) ၀၁၁၈၆၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ထက်ကျော် (LL.B)** **ဒေါ်ထက်ထက်လတ် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၆၅၆/၁၇)** **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၄၇၃/၂၃)**
**ဖုန်း- ၀၉-၇၈၃၅၅၃၁၁၀**
**ရုံးခန်း- သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ သရဖဏ်ရိပ်သာ (၂)လမ်း၊ အမှတ် (၉)၊ ၆-လွှာ (A)၊ အကျယ်အဝန်း (၁၂ ½'x၅၀')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ဦးအောင်သူရမင်း [၅/တမန(နိုင်) ၀၅၇၀၄၄]မှ တရားဝင် လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေဒီလင်း [၁၂/ဒလန(နိုင်) ၁၁၁၃၄၆]မှ အပြီး အပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်း အဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာဝင်း** **ဒေါ်ရီရီလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၆၆)** **အထက်တန်းရှေ့နေ (စဉ်-၅၂၄၉၉)**
**အမှတ် (၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၁၇၇၇၅၂၅**

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စိန်ချယ်လမ်း၊ အမှတ်(၁၇၉) ဟုခေါ်တွင်သော အကျယ်အဝန်း (၁၅x၄၅)ပေရှိ ခြံမြေအမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ **ဦးဝင်းအောင်ကျော် [၈/နမန(နိုင်)၁၀၁၉၉၃]** ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်နန်းသီတာဝင်း**က စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထား ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင်အရောင်း အဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(ဆ/၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ (၁၂)လမ်း၊ မြေကွက်အမှတ်(၄၈၀/ခ) ဟုခေါ်တွင်သော မြေအကျယ်အဝန်း- အလျားxအနံ (၂၀ပေx ၆၀ပေ)၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ဒေါ်မေရီထရေဇာ (MMO-၂၂၁၀၀၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူဖြစ်သော ဦးရေမန်း(ခ)ဗိုလ်ဗိုလ် [၁၂/ဥကတ(နိုင်) ၁၄၂၈၃၂]ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခရေဖြူ [၇/ရကန(နိုင်) ၀၅၉၂၈၇]က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ အရောင်းအဝယ်ပိုင်ဆိုင်ရေးကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သုဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း - ၀၉-၅၁၃၁၂၀၃၊ ၀၉-၂၅၁၀၁၂၅၃၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၆)၊ မင်္ဂလာသုခလမ်းနှင့် လှိုင်ကော်လမ်းထောင့်၊ မြေကွက်အမှတ်(၁၁၄၆)၊ မြေအကျယ်အဝန်း (၄၄ပေx ၆၀ပေ)အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ လှိုင်ကော်လမ်းနှင့်ကပ်လျက်ဘက်အခြမ်း၊ အကျယ်အဝန်း (၁၇ပေx ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ ဆိုင်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးငွေခဲ(TKA-၀၁၈၂၁၈) [၁၂/သကတ(နိုင်) ၀၃၈၄၁၄]** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ခင်ပွန်းဖြစ်သူမှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ ဇနီးဖြစ်သူ **ဒေါ်သိန်းသိန်းရီ (TKA-၀၈၂၂၈၀)**ထံမှ **ဒေါ်ကြည်ဝင်း [၈/ခမန(နိုင်) ၀၅၃၄၃၈]**သည် **"နှစ်ဦးသဘောတူအရောင်း အဝယ်ကတိစာချုပ်"**ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ **ဒေါ်ကြည်ဝင်း**မှာ ကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်း၏ခင်ပွန်းဖြစ်သူ **ဦးလှသန်း [၈/ခမန(နိုင်)၀၁၃၇၆၀]မှ** အမွေဆက်ခံပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင် ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြု လုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင် ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)** **ဒေါ်စုစုလှိုင်(LL.B)** **ဒေါ်ချန်ပေါင်လူး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)** **အထက်တန်းရှေ့နေ(စဉ်-၅၅၅၆၃)** **အထက်တန်းရှေ့နေ (စဉ်-၅၆၄၉၈)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့် နိုင်ငံရေးစနစ်နှင့် သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## Asean Cup 2024 ပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြုပြီး အုပ်စုပွဲစဉ်များ ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၈

အာဆီယံ ဘောလုံးအဖွဲ့ချုပ်သည် အာဆီယံဒေသတွင်း အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် Asean Cup 2024 ပြိုင်ပွဲကျင်းပမည့်ရက် အတည်ပြုလိုက်ပြီဖြစ်ပြီး အုပ်စုပွဲစဉ်များပါ ထုတ်ပြန်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲကို ယခင်က နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း ဒီဇင်ဘာ ၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၅ ရက်အထိ ပြောင်းလဲ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး

**စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍**

## MNL ယူ-၂၀ လိဂ်ပြိုင်ပွဲတွင် မဟာနှင့် ရခိုင် သရေကျပြီး Junior Lions အသင်း အနိုင်ရ




မဟာယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဩဂုတ် ၂၈

၂၀၂၄ ရာသီ MNL ယူ-၂၀ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁၃) တတိယနေ့ကို ဩဂုတ် ၂၈ ရက်က ဆက်လက်ကျင်းပရာ မဟာယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်တို့ သရေကျပြီး Junior Lions အသင်း အနိုင်ရခဲ့သည်။

**တစ်ဂိုးစီသရေကျ**

ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် မဟာယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက်တို့ တစ်ဂိုးစီသရေကျခဲ့သည်။ ဇယားအောက်ပိုင်းက နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းသည် ဦးဆောင်ဂိုး သွင်းယူသော်လည်း ဂိုးပြန်ပေးရကာ သရေကျခဲ့ခြင်းဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကို ၃၄ မိနစ်တွင် နိုင်နိုင်ဝင်း က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၅၉ မိနစ်တွင် အောင်ခန့်ဖြိုးက သွင်းယူခဲ့သည်။ ယခုပွဲအတွက်

**စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❂**

## ချန်ပီယံဟောင်း ရာဒူကာနူ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှ စောစီးစွာထွက်ခဲ့ရ

အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသမီးတစ်ဦးချင်း ချန်ပီယံဟောင်းဖြစ်တဲ့ ဗြိတိန်တင်းနစ်မယ် ရာဒူကာနူဟာ ပြိုင်ပွဲကနေ စောစီးစွာ ထွက်ခဲ့ရပြီဖြစ်ပါတယ်။



အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ပထမအဆင့်မှာ ဆိုဖီယာကီနင်ကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပြီး အဲဒီလိုရှုံးနိမ့်ခဲ့ပြီးနောက် အမေရိကန်အိုးပင်းပြိုင်ပွဲ မကျင်းပမီ ပွဲစဉ်အများအပြား ကစားချင်ခဲ့တယ်လို့လည်း ရာဒူကာနူက ပြောကြားခဲ့ပါတယ်။

ဆိုဖီယာကီနင်က ရာဒူကာနူကို ၆-၁၊ ၃-၆၊ ၆-၄ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး ရာဒူကာနူဟာ ၂၀၂၁ ခုနှစ်က အမေရိကန်အိုးပင်းတင်းနစ်ဆုဖလားကို မမျှော်လင့်ဘဲ ရယူဆွတ်ခူးနိုင်ခဲ့ပြီးနောက် နယူးယောက်မြေမှာ သူ့ရဲ့ ပထမဆုံးနိုင်ပွဲကို

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ■**

**ယနေ့ ဖတ်စရာ**


**သရက်ထောင်တွင် အကျဉ်းသားများကို တိုက်ပိတ်၍ ငွေခြိမ်းခြောက်တောင်းပြီး မူးယစ်ဆေးဝါး ရောင်းချနေဟု မဟုတ်မမှန် လုပ်ကြံရေးသား** စာမျက်နှာ » ၁၄

**လက်ပံတန်းမြို့နယ် ရေငံကျေးရွာနှင့် အုပ်ဖိုကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေ** စာမျက်နှာ » ၁၅

**မင်းဘူးမြို့နယ်၌ ခရမ်းချဉ်သီးဈေးကောင်းရ၍ တောင်သူများ အဆင်ပြေ** စာမျက်နှာ » ၁၈